Agribiz News
www.agribiznews.com.mm
လယ်ယာစီးပွားသတင်း
e-Paper-0024
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်



# အာဆီယံ-တရုတ်စင်တာ၏အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်၊ ဒီဇင်ဘာ ၉

**စိုက်**ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒီဇင်ဘာ ၉ ရက်နေ့ နေ့လယ်ပိုင်းတွင် အာဆီယံ-တရုတ်စင်တာ၏ အတွင်းရေးမှူးချုပ် Mr. Shi Zhongiun နှင့် ကိုယ်စားလှယ် အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အာဆီယံ-တရုတ် စားရေရိက္ခာနှင့် လယ်ယာကဏ္ဍ ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ၊ အာဆီယံ-တရုတ်ဗဟိုဌာန၏ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်း မြောင်းစေရေးကို ဦးစားပေးဆောင်ရွက်နေမှုနှင့် မြန်မာနိုင်ငံမှ လယ်ယာ ထွက်ကုန်ပစ္စည်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရေးဆိုင်ရာ ကိစ္စရပ်များ၊ လယ်ယာသုံး စက်ကိရိယာ အသေးစားများထုတ်လုပ်သည့် စက်ရုံများ မြန်မာနိုင်ငံတွင် လာရောက် ထုတ်လုပ်ရေး အတွက် ရင်းနှီး မြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးမွေးမြူရေးဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာပူးပေါင်းဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ဒစ်ဂျစ်တယ်စိုက်ပျိုးရေး နည်းပညာအသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ခွာနာလျှာနာရောဂါ ကင်းရှင်းဇုန်၊ ကာကွယ်ဇုန်များ ရေရှည်တည်တံ့စေရေးအတွက် ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ ပြည်သူလူထု အသိပညာပေးခြင်း စသည့် လုပ်ငန်းများတွင် နည်းပညာနှင့် ရန်ပုံငွေ အထောက်အပံ့ ဆိုင်ရာ ကိစ္စရပ်များ၊ စပ်မျိုးသီးနှံများ သုတေသနဗဟိုဌာန တည်ထောင်၍ စပ်မျိုးသီးနှံများ တိုးတက်စိုက်ပျိုးရေး စီမံကိန်း ပြောင်းလဲခြင်း နှင့် စိုက်ပျိုးရေး ထွက်ကုန်များ၏ အရည်အသွေး ထိန်းချုပ်မှု ဗဟိုဌာနတည်ထောင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ ၊ မြန်မာနိုင်ငံတွင် ပိုးမွှား ကင်းစင်ကြောင်း အသိအမှတ်ပြု လက်မှတ် (e-phyto) ထုတ်ပေးခြင်း နည်းစနစ်ဆိုင်ရာ စီမံကိန်းနှင့် ဓာတုဓာတ်ခွဲခန်း၊ အဏုဇီဝဓာတ်ခွဲခန်းနှင့် ရေအရည်အသွေး ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံရာသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI

ပင်လယ်ဂေဟာစနစ်အကျိုးပြုပင်လယ်မြက်..... စာ-၈

လှေကားထစ်စိုက်ခင်းတည်ထောင်ခြင်း .... စာ-၁၆

# တီမွေးမြူခြင်းနှင့် တီကျစ်စာမြေဆွေးထုတ်လုပ်ခြင်း နည်းစနစ်များ တောင်သူပညာပေး သရုပ်ပြပွဲကျင်းပ

နေပြည်တော်၊ ဒီဇင်ဘာ ၈

ပါးရိုးပြတ်များ သီးနှံအကြွင်းအကျန်များကို အသုံးပြု၍ တီမွေးမြူခြင်းနှင့် တီကျစ်စာ မြေဆွေး ထုတ်လုပ်ခြင်း နည်းစနစ်များ တောင်သူပညာပေး သရုပ်ပြပွဲကို ဒီဇင်ဘာ ၈ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် တဲကြီးကုန်း ကျေးရွာ တောင်သူ ဦးမြင့်စိုးနှင့် ဦးကျော်မြင့်ဦးတို့၏ အိမ်ခြံဝန်း၌ ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် အစားအစာသိပ္ပံသုတေသန ဌာနခွဲ ၊ စပါးဇီဝဥယျာဉ် သုတေသနဌာနစုမှ သုတေသီများ ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံ တောင်သူများ တက်ရောက်ကြသည်။

အဆိုပါ တောင်သူပညာပေး သရုပ်ပြပွဲတွင်တောင်သူများနှင့်တွေ့ ဆုံစဉ် ဒုတိယဝန်ကြီးက ဆွေးနွေး မှာကြားရာ၌ တီကျစ်စာမြေဆွေး တွင် ရိုးရိုးမြေဆွေးထက် အာဟာရ ဓာတ် နှင့် အဏုဇီဝများ ပါဝင်မှု ပိုမို နိုင်ပြီး အပင်အတွက် လိုအပ်သော အာ ဟာ ရ ဓာ တ် များ ကြွ ယ် ဝ ကာ အပင်စားသုံးရန် အသင့်ဖြစ်အောင် ဖန်တီးနိုင်သော အဏုဇီဝများ ပါဝင် သ ဖြင့် အ ပ င် ကြီး ထွား စေ ခြ င်း နှ င့် သီးနှံအရည်အသွေး ကောင်းမွန်စေမှု အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ် ပါကြောင်း၊ သဘာဝ မြေသြဇာ သုံးစွဲမှု တိုးတက်လာစေခြင်းဖြင့် GAP စိုက်ပျိုးနည်းစနစ်ကို အထောက်အ ကူ ပြုစေရန် ရည်ရွယ် ဆောင်ရွက် ခြင်း ဖြစ်ကြောင်း ၊

သီးနှံများစိုက်ပျိုးထုတ်လုပ်ရာ တွင် ဓာတ်မြေသြဇာများကို မျှတ အောင် ထည့်သွင်း မကျွေးမွေးနိုင် ခြင်း ၊ ပိုးသတ်ဆေးများ မဆင်မခြင် ပက်ဖျန်းခြင်းများကြောင့် မြေဆီလွှာ အတွင်း သက်ရှိနှင့်အတူ အဏုဇီဝ များ အပင်အာဟာရများ အတွက် အလုပ်မလုပ်နိုင်တော့သဖြင့် မြေဆီ လွှာကျန်းမာရေး ထိခိုက်ပျက်စီးပြီး မြေဆီလွှာဂေဟစနစ်ထိခိုက်မှုနှင့် အတူ သီးနှံအထွက် နှုန်းများကျဆင်း လာခြင်း၊ သဘာဝရာသီဥတု ပြောင်း လဲမှုဒဏ်ကို ခံနိုင်ရည်မဲ့လာခြင်းများ ကြုံတွေ့နေရကြောင်း လေ့လာတွေ့ ရှိရသဖြင့် ယခုကဲ့သို့ တီကောင်မွေး မြူရေးမှ အစပြု၍ မြေဆီလွှာဂေဟ စ န စ် ပြ န် လ ည် ဖွံ့ ဖြိုး လာ ရေး ကို သက်ဆိုင်ရာဌာနများက ဆောင်ရွက်



ပေးခြင်း ဖြစ်ကြောင်း၊

ယနေ့ခေတ်တွင် သဘာဝ မြေသြ ဇာ အခြေခံသော စိုက်ပျိုးထုတ်လုပ် ခြင်းသည် အရေးပါလာပြီး ယင်းသို့ ထုတ်လုပ်ခြင်းမှ ထွက်ကုန် ပစ္စည်း များ၏ ဝယ်လိုအားများလည်း မြင့် တက်လာလျက်ရှိရာ တောင်သူများ တွင် ပေါများစွာရှိနေသည့် စိုက်ပျိုး ရေး ဘေးထွက် ပစ္စည်းများဖြစ်သော ကောက်ရိုးနှင့် စပါးခွံ တို့ကို အကျိုးရှိ စွာ အသုံးပြုပြီး တီမွေးမြူခြင်းနှင့် တီကျစ်စာမြေဆွေးထုတ်လုပ်သုံးစွဲ နိုင်ကြရန် သုတေသီများ ပညာရှင် များက နည်းပညာပေး သရုပ်ပြသွား မည်ဖြစ်၍ စိတ်ပါဝင်စားစွာလေ့လာ ကြပြီး သိရှိလိုသည်များကို ပွင့်ပွင့် လင်းလင်း မေးမြန်းဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ရိတ်သိမ်းချိန်

စာ-၁၅ သို့

# ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဆည်တန်များ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု အခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ၊ ဒီဇင်ဘာ ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိ သူများသည် ရှမ်းပြည်နယ်အတွင်း စက်တင်ဘာ ဒုတိယအပတ်က နေရာအနှံ့အပြား မိုးသည်းထန်စွာရွာသွန်း မှုများကြောင့် တောင်ကြီးမြို့ပေါ်မှ ရေများနှင့် ကြားရေဆင်းဧရိယာများမှ စီးဝင်ရေများ အရှိန်ဖြင့် စီးဝင်မှု အရ ကျိုးဖြူကန် ရေပိုလွှဲအစိတ်အပိုင်းအချို့နှင့် ရေပေးအဆောက်အအုံတံခါးရွက်များ ပျက်စီးခဲ့မှုများကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ဒီဇင်ဘာ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဆည်မြောင်း နှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီး ဌာန တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် စိုက်ပျိုးရေပေးဝေမှု အခြေအနေ များအား ရှင်းလင်းတင်ပြမှု အပေါ် ဒုတိယဝန်ကြီးက ရေလှောင်ကန် ဘေးကင်းလုံခြုံရေး အစီအမံများနှင့် အညီ နေ့စဉ်မပြတ် ကြည့်ရှုစစ်ဆေး ရန် လိုကြောင်း၊ စက်ယန္တရားလို အပ်ချက်၊ နည်းပညာပိုင်းဆိုင်ရာနှင့် အခြားလိုအပ်သည်များ ဖြည့်စွက် မှာကြားပြီး မိုးစပါး၊ ဆောင်းသီးနှံ များကို စိုက်ပျိုးရေ အလုံအလောက် ပေးဝေနိုင် ရေးနှင့်သီးထပ်ပိုမိုစိုက် ပျိုးနိုင်ရေးဆွေးနွေးပြောကြားသည်။

ကျိုးဖြူကန်သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ဆည်လဲရွာအနီးတွင်တည်ရှိပြီး စိစစ်



ဧရိယာ ဧက ၁၀၀၀ ကျော် ရေပေး ဝေနိုင်သည့် ကန်တစ်ခုဖြစ်ပြီး နှစ် စဉ် မိုးစပါးနှင့် ဆောင်းသီးနှံများကို စိုက်ပျိုးရေ ပေးဝေနိုင်သည့် ဆည် ကန်တစ်ခုဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကြီး မြို့နယ်၊ ရွှေညောင်မြို့ လိုင်ဘုံ့ သာ(၂)ရပ်ကွက်ရှိ ကုန်းလိုင်ကန် အကူရေပိုလွှဲလုပ်ငန်း တည်ဆောက် ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ က လုပ်ငန်းဆိုင်ရာ အချက်အလက် များ ရှင်းလင်းတင်ပြရာ ဒုတိယ ဝန်ကြီးက လုပ်ငန်းများကို စံချိန် စံညွှန်းနှင့်အညီ အရည်အသွေးပြည့် မီရေး၊ သက်မှတ်ကာအလ အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြ ရေး၊ သန့်ရှင်းသပ်ရပ် သာယာလှပ ရေး ဂရုစိုက်ရန်လိုကြောင်း၊ ရာသီဥ တုပြောင်းလဲမှုနှင့်အတူ ထူးကဲမိုးရေ ချိန် စံချိန်သစ်များဖြင့် ရွာသွန်းလာမှု အပေါ် ရေလှောင်ကန်အတွင်း ရက် အလိုက်၊ လအလိုက်၊ နှစ်အလိုက် ဝင်ရေများ တွက်ချက်၍ ရေစီးနှုန်း ကို လက်ရှိရေပိုလွှဲမှ နိုင်နင်းစွာ လွှဲ ထုတ်နိုင်ခြင်းရှိမရှိ ပြန်လည်ဆန်း စစ်ပြီး ကြိုတင်စီမံ ဆောင်ရွက်ထား ကြရန် ဆွေးနွေးမှာကြားသည်။

ကုန်းလိုင်ကန်သည် ကျိုးဖြူကန် ရေပိုလွှဲမှ ရေများ၊ ရေသောက်စနစ်မှ ပိုလျှံရေများနှင့် ကြားစီးဝင်ရေများ စီးဝင်ပြီး ကန်ရေပြည့် ရေလှောင် ပမာဏ ၃၅၀ ဧကပေ၊ ကန်ရေသေ ရေလှောင်ပမာဏ ၁၅၀ ဧကပေ၊ စိစစ်ရေသောက် ဧက ၇၀ ပေးဝေ လျက်ရှိပြီး၊ သောက်သုံးရေအတွက် လည်း အကျိုးပြုလျက်ရှိကြောင်း သိ ရသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညောင်ရွှေ မြို့နယ်အတွင်းရှိ သက်တမ်း နှစ်

စာ ၄- သို့

# ဒီဇင်ဘာ ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ် ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီ ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးမန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## ညအပူချိန်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့်ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်၇ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ် တို့တွင် ၃ ရက်မှ ၆ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက်ကျဆင်း လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည်သီပေါမြို့တွင် ၃ လက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ၁ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့ နှင့် မဒေါက်မြို့တို့တွင်ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ပဲခူး မြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်ခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင်ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည်ဘီးလင်းမြို့တွင်ပေဝက်ခန့်လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm သတင်း

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးအောင်ဖုံထွေး(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# မြန်မာ့ပေါ်ဆန်းဆန်ကို GI အဆင့်ဖြင့် ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုမှုရရှိရန် ကြိုးပမ်းနေ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) ဥက္ကဋ္ဌ ဦးရဲမင်းအောင်က မြန်မာနိုင်ငံသည် ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ပေါ်ဆန်းဆန်အတွက် Geographical Indication (GI) အဆင့်ရရှိရန် ဆောင်ရွက်နေကြောင်း ပြောကြားသည်။ ယခင်က ကြိုးပမ်းအားထုတ်မှုဖြစ်သည့် ရွှေဘိုပေါ်ဆန်းစပါးအတွက် GI မှတ်ပုံတင်ခြင်းဖြင့် လုံခြုံစေခဲ့ပြီး ယခုအခါ နိုင်ငံတကာဈေးကွက်တွင် ဆွဲဆောင်နိုင်စေရန် အလားတူ အသိအမှတ်ပြုမှုကို မြန်မာ့ပေါ်ဆန်းဆန်တွင် ဆောင်ရွက်လျက်ရှိကြောင်း ဦးရဲမင်းအောင်က ရှင်းပြသည်။

ပေါ်ဆန်းဆန်၏ ထူးခြားသော အနံ့အရသာ ကောင်းမွန်မှုကြောင့် ပေါ်ဆန်းဆန်ကို ကမ္ဘာ့ ဈေးကွက်တွင် မိတ်ဆက်ရန် လိုအပ်လျက်ရှိသည်။ ဥပမာအားဖြင့် ပါကစ္စတန်နိုင်ငံသည် ၎င်း၏ ဘာစမာတီဆန်ကို တစ်ကမ္ဘာလုံးတွင် အောင်မြင်စွာဖြင့် ဈေးကွက်ဝင်တင်ပို့နိုင်ခဲ့သည်။ ဘာစမာတီဆန်ကို ပါကစ္စတန်နိုင်ငံတွင်သာမက အိန္ဒိယနှင့် နီပေါနိုင်ငံတို့တွင်လည်း စိုက်ပျိုးကြပြီး ကမ္ဘာ တစ်ဝှမ်းမှ ကောင်းစွာလက်ခံထားပြီးဖြစ်သည်။ အလားတူ ထိုင်းနိုင်ငံသည် စံပယ်ဆန် (Jasmine Rice) ကို နိုင်ငံတကာ အမှတ်တံဆိပ်တစ်ခုအဖြစ် ထူထောင်နိုင်ခဲ့သည်။

“ကျွန်တော်တို့အနေဖြင့် မြန်မာ့ပေါ်ဆန်းဆန်ကိုလည်း ထူးခြားသည့် ရွှေဘိုပေါ်ဆန်းဆန် အတွက် GI မှတ်ပုံတင်ခြင်းကိုဆောင်ရွက်ထားပြီးဖြစ်သကဲ့သို့ အမှတ်တံဆိပ်တစ်ခုအနေဖြင့် မြှင့်တင်ရမှာဖြစ်ပါတယ်” ဟု ဦးရဲမင်းအောင်က ပြောကြားသည်။

လက်ရှိတွင် MRF သည် ပြည်တွင်း၌ လူကြိုက်နည်းသော ဧည့်မထဆန်ကို တင်ပို့ရန် အာရုံစိုက် ဆောင်ရွက်နေသည်။ အသင်းချုပ်သည် ယခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆန်တန်ချိန် ၂ သန်းတင်ပို့ရန် ရည်မှန်းထားသည်။ အောက်တိုဘာ တစ်လတည်းတွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၄၀၀,၀၀၀ တင်ပို့ခဲ့ပြီး ဘဏ္ဍာနှစ်၏ လွန်ခဲ့သည့်ခုနစ်လအတွင်း လစဉ်တင်ပို့မှုအများဆုံး ပမာဏအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရှိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

https://www.gnlm.com.mm/ myanmar-seeks-global -recognition -for -myanma -pawsan- rice -with -gi-status

စာ- ၂ (ရှမ်းပြည်နယ်)မှ

ပေါင်း ၁၁၀ ကြာ စိုက်ပျိုးရေပေးဝေလျက်ရှိပြီး အကျိုးပြုဧက ၄၈၇၇ ဧကရှိသည့် အင်းတိန်ရေလွှဲဆည်အား သွားရောက်ကြည့်ရှု စစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တာဝန်ရှိသူများက နှစ်စဉ်စိုက်ပျိုးရေ ပေးဝေမှုအခြေအနေ၊ ယခုနှစ် နွေစပါး ၄၄၃၉ ဧက စိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်မှုအခြေအနေ၊ ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး အင်းတိန် ရေလွှဲဆည် ပျက်စီးဆုံးရှုံးမှု အခြေအနေများနှင့် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ပြန်လည်ပြုပြင် ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေများ၊ လယ်ယာမြေများသဲနုန်းဖုံးလွှမ်းမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေလွှဲဆည် အောက်ဘက်ပိုင်းကြမ်းခင်းနှင့် ကျောက်စီမြေထိန်းနံရံ ပျက်စီးထိခိုက်မှုများ၊ လက်ယာတူမြောင်း ဖြစ်သော ဆင်ဖြူမြောင်း သဲနုန်းများပို့ချခဲ့မှုများနှင့် ရေလျှံထိန်းတာပေါင် ရေတိုက်စားပျက်စီးမှု၊ ရွာမချောင်း ရေထိန်းနံရံ ရေတိုက်စားပျက်စီးမှု အခြေအနေများအား အမြန်ဆုံးပြန်လည် ပြုပြင်ဆောင်ရွက်ကြရန်၊ လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် သတ်မှတ်လျာထားဆောင်ရွက်ကြရန်၊ လိုအပ်သည့် ဒီဇိုင်းပုံစံများအား ရုံးချုပ်သို့ တင်ပြပြီး အတည်ပြုချက် ရယူဆောင်ရွက်သွားကြရန်၊ ကျိုးပေါက်ပျက်စီးမှု များအား ယာယီအစီအစဉ်များဖြင့် လတ်တလော ပြုပြင်ဆောင်ရွက်သွားကြရန်နှင့် သဲနုန်းဖုံးလွှမ်း လယ်ယာမြေများအား ပြန်လည်ထွန်ယက်ရေး၊ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ဒေသခံတောင်သူများနှင့်အတူ ပူးပေါင်းကွင်းဆင်းပြီး အသင့်လျော်ဆုံးနည်းလမ်းဖြင့် စီမံဆောင်ရွက်သွားကြရန်နှင့် မျိုးစေ့၊ နည်းပညာ အခက်အခဲနှင့် အခြားလိုအပ်ချက်များ ကူညီထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး အင်းတိန်ရေလွှဲဆည် ယာယီပြုပြင်နေမှု လုပ်ငန်းများနှင့် ရွာမချောင်း ရေထိန်းနံရံ ရေတိုက်စားခဲ့မှုအား မြေသား ရေထိန်းတာပေါင်ဖြင့် ပြန်လည်ကာကွယ် ဆောင်ရွက်နေမှုအား ကြည့်ရှု စစ်ဆေးသည်။

ဒီဇင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ် ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ နန်းကုန်းကျေးရွာအုပ်စု၊ ငဖိန်းအင်းကွင်းရှိ မွေးမြူရေးဇုန် စီမံကိန်းဆောင်ရွက်မည့် နေရာသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မွေးမြူရေးဇုန်စီမံကိန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇုန်အတွင်း မွေးမြူမည့် တိရစ္ဆာန်အမျိုးအစား၊ ကောင်ရေနှင့် အစားအစာ လုံလောက်မှုအခြေနေ၊ ဇီဝလုံခြုံမှုဆိုင်ရာ စီမံဆောင်ရွက်မည့်အခြေအနေ၊ မွေးမြူရေးဇုန် ရေရရှိရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ မွေးမြူရေးဇုန် အဝင်လမ်း ကျောက်ချောလမ်း ဆောင်ရွက်နေမှုနှင့် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး တင်ပြဆောင်ရွက်ထားရှိမှုအခြေအနေစသည့် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ မွေးမြူရေးဇုန် ဆောင်ရွက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI



# ပုသိမ်တွင် ကောက်ရိုးထုံးစက်ဖြင့်ကောက်ရိုးထုံးသရုပ်ပြပွဲကျင်းပ

ပုသိမ်၊ ဒီဇင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်အတွင်း ဒေသခံတောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းနိုင်ရေး၊ လုပ်သားအင်အားရှားပါးမှုပြဿနာဖြေရှင်းနိုင်ရေး စသည့် ကောင်းကျိုးများစွာ ရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်ရိုးထုံးစက် (Round Baler) ဖြင့် ကောက်ရိုးထုံးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့နယ် ၊ မဒေါ့ကုန်းကျေးရွာ ကွင်းအမှတ် ဖြ၃၇ ရှိ ဒေသခံတောင်သူ ဦးမန်းကျော်ခိုင် ၏ လယ်မြေ ၃ ဒသမ ၁၅ ဧက တွင် ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဆောင်တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း / ခရိုင် / မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျေးရွာ ၃ ရွာမှ ဒေသခံတောင်သူ ၇၀ ဦးခန့် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

အဆိုပါသရုပ်ပြပွဲတွင် ကောက်ရိုးထုံးစက် (Round Baler) အသုံးပြုခြင်းဖြင့် စပါးရိတ်သိမ်းပြီး လယ်ကွက်များတွင်ကောက်ရိုးများ အမြန်သိမ်းဆည်းနိုင်၍ နောက်သီးနှံအား အချိန်မီစိုက်ပျိုးနိုင်ခြင်း၊ ကောက်ရိုးမျှင်များအား ကျစ်လျစ်စွာ အထုံးပြုလုပ်ထား၍ အလွယ်တကူ သိမ်းဆည်းသိုလှောင်နိုင်ခြင်း၊ သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ ပျော့ဖတ်အဖြစ် အသုံးပြုနိုင်ခြင်း၊ တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ခြင်းနှင့် ကောက်ရိုးထုံးစက် (Round Baler)၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးလှထွန်းက အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

AMD

# အောင်ပန်းတွင် အာတာလွတ်ဥများ ရှားပါးလာသော်လည်း ရန်ကုန်မှ ဝယ်လိုအားမြင့်တက်နေ

**အာ**တာလွတ်ဥ လက်ကျန် နည်းပြီး ရှားပါးသည့် ရာသီအချိန်၌ ရန်ကုန်မှ အာတာလွတ်ဥအများစု မှာယူထားကြောင်း အောင်ပန်းသစ်သီးဝလံဈေးကွက်အရ သိရှိရသည်။ အာတာလွတ်ဥရာသီ ကုန်ခါနီးအချိန်ဖြစ်သော်လည်း အာတာလွတ်ဥအများအပြား ဝယ်ယူလျက်ရှိကြပြီး မှာယူမှုအများစုမှာ ရန်ကုန်၊ မန္တလေးနှင့် မြိတ်ဒေသများမှ ဖြစ်ကြသည်။ ၎င်းဒေသများထဲမှ ရန်ကုန်က ထိပ်ဆုံးမှ မှာယူသည့် မြို့တစ်မြို့ ဖြစ်သည်။ အာတာလွတ်ဥ လက်ကားဈေးနှုန်းများမှာ တစ်ပိဿာလျှင် ၂၀၀၀-၂၅၀၀ ကျပ်မှ ၁၃၀၀ ကျပ်အထိ လျော့ကျသွားခဲ့ပြီး တဖန် ၁၅၀၀ ကျပ်အထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း အာတာလွတ်ဥစိုက်ပျိုးသည့် အောင်ပန်းတောင်သူတစ်ဦးက ပြောကြားသည်။



လာမည့်ဇန်နဝါရီလလောက်တွင် အာတာလွတ်ဥ ရာသီကုန်ပြီဖြစ်သည့်အတွက် ဈေးကွက်ထဲ၌ လုံးဝပြတ်လပ်သွားမည်ဖြစ်သည်။ ဟင်းသီး ဟင်းရွက်များနှင့် ဥစားသီးနှံများသည် ပေါများသည့် ရာသီ၌ ဈေးကျလေ့ရှိပြီး ရှားပါးလာသည့် အချိန်တွင် ဈေးနှုန်းအနည်းငယ် မြင့်တက်လေ့ရှိသည်။ ဒီဇင် ဘာလတွင် အာတာလွတ်ဥများ ရှားပါးလာမည်ဖြစ်ပြီး အရွယ်အစားလည်း သေးငယ်သွားမည်ဖြစ်သည်။ ကန်စွန်းဥ၊ အာတာလွတ်ဥနှင့် ပိန်းဥကဲ့သို့သော ဥစားသီးနှံများ အားလုံးကို သီတင်းကျွတ်မတိုင်မီတွင်လည်း တူးဖော်လေ့ရှိပြီး ဈေးကွက်ထဲတွင်လည်း ရရှိနိုင်ကြောင်း သိရှိရသည်။

**နွေးနွေးအောင်**

https://www.gnlm.com.mm/242748-2/

ကျောဖုံးမှ-




သည် အလယ်တည့် တည့်အမှတ်တွင်ရပ်သွားပါက အေဖရိန်၏ ခြေထောက် ၂ ချောင်းသည် ရေပြင်ညီနေပါသည်။ ခြေထောက် ၂ ခု ကျသည့်နေရာတွင် ကွန်တိုအမှတ်အသားများအား တုတ်ချောင်းရိုက်၍ မှတ်သားရပါမည်။ အေဖရိန်၏ နောက်ခြေထောက်အား အရင်အေဖရိန်၏ ရှေ့ခြေထောက်ကျ သည့်နေရာနှင့်တထပ်တည်းထား၍ အေဖရိန်အား ရှေ့သို့ရွှေ့ပါ။ အေဖရိန်၏ ရှေ့ခြေထောက်အား နောက်ခြေထောက်နှင့် Levelညီအောင် ညှိပါ။ (၂-၃)ပေ အကွာတိုင်းတွင် ကွန်တိုလိုင်း အမှတ်အသားများ တွေ့ရမည်ဖြစ်ပါသည်။ ဤနည်းအတိုင်း တောင်စောင်းစိုက်ခင်းတစ်ခုလုံးအား ကွန်တို လိုင်းများ သတ်မှတ်ပါ။

### အဆင့် (၃) ကွန်တိုင်လိုင်းတစ်လျှောက်မြေပြုပြင်ခြင်း

မှတ်သားထားသည့်ကွန်တိုလိုင်းတစ်လျှောက် ခြံစည်းရိုးပင်များ စိုက်ပျိုးရန် ၃ ပေ အကျယ် ထယ်ထိုး၊ ထွန်မွှေ၍ မြေပြုပြင်ပါ။




### အဆင့် (၄) ပဲမျိုးရင်းဝင် ခြံစည်းရိုးပင်/ မြေဆီထိန်းပဲပင်များစိုက်ပျိုးခြင်း

ဆင်ခြေလျှောတစ်လျှောက်စီးဆင်းလာသည့် ရေစီးအရှိန်ကိုထိန်းရန်နှင့် မြေနှင့်အတူပါလာ သောမြေများကို ထိန်းထားရန်အတွက် ခြံစည်းရိုးပင်/မြေဆီထိန်းပဲပင်များကို စိုက်ပျိုးရပါမည်။ ပဲမျိုးရင်းဝင်ခြံစည်းရိုးပင်များ စိုက်ရန် စိုက်မြောင်း ၂ မြောင်းအား ၁ ပေ ခွဲခန့်ခွာ၍ ပြုလုပ်ပါ။ မျိုးစေ့အား တစ်ကျင်းလျှင် ၂-၃ စေ့ထည့်၍ မြေပြန်ဖုံးပါ။ ဘောစကိုင်း Leucaena leucocephala ကို မြေဆီထိန်းအပင်အဖြစ် စိုက်ပျိုးမည်ဆိုပါက တစ်ညရေစိမ်ထားပြီးမှ စိုက်ပျိုးရမည် ဖြစ်ပါသည်။ နိုက်ထရိုဂျင် ဖမ်းယူပေးနိုင်သည့် မြေဆီထိန်းပင်များမှာ နိုက်ထရိုဂျင်ဖမ်းယူနိုင်မှု အကောင်းဆုံး စည်းရိုးတန်းအပင် များမှာ Flemingia macrophylla (ကျေးမြီးနီ), Desmodium rensonii (ပဲမျိုးဝင်), Gliricidia sepium (မြေပြန့်ချယ်ရီ) နှင့် Leucaena diversifolia (ဘောစကိုင်း) တို့ဖြစ်ပါသည်။ ထို့ပြင် Biomass ထွက်ရှိမှု အများဆုံး စည်းရိုးပင်အဖြစ် Calliandar calothyrsus၊ Bauhinia purperea (စွယ်တော်) တို့ဖြစ်ပါသည်။

### အဆင့် (၅) တစ်ကန့်ကျော်၍ မြေပြင်ခြင်း

စည်းရိုးတန်းပင်များစိုက်ပျိုးပြီးပါက သီးနှံပင်များစိုက်ပျိုးရန် မြေပြုပြင်ရပါမည်။ မြေပြုပြင်ရာတွင် သီးနှံပင်များကို တစ်ကန့်ကျော်၍ စိုက်ပျိုးနိုင်ရန်အတွက် တစ်ကန့်ကျော်၍ (၂၊ ၄၊ ၆၊ ၈ စသည်)ဖြင့် မြေပြင်ပါ။ တစ်ကန့်ကျော်၍ မြေပြင်ခြင်းသည် အပေါ်ပိုင်းမြေပြင်ထားသည့်အပိုင်းမှ တိုက်




စားမြေများသည့် မြေမပြင်ရသေးသည့်အကန့်တွင်လာစုမည်ဖြစ်ပြီး မြေမပြင်သည့် အကန့်မှ မြေများမြဲမြံစွာ ရှိနေသဖြင့် မြေဆီတိုက်စားမှုကိုသက်သာစေပါသည်။ နိုက်ထရိုဂျင် ဖမ်းယူပေးနိုင်သည့်စည်းရိုးကန့်ပင်များ ကြီးထွားလာပါက အကန့်တိုင်းတွင် စိုက်ပျိုးနိုင်ပါသည်။




### အဆင့် (၆) နှစ်ရှည်သီးနှံစိုက်ပျိုးခြင်း

နိုက်ထရိုဂျင်ဖမ်းယူပေးသည့် စည်းရိုးကန့်ပင်များနှင့် တစ်ပြိုင်တည်း နှစ်ရှည်သီးနှံပင်များကို စိုက်ပျိုးရပါမည်။ နှစ်ရှည်သီးနှံများကိုရွေးချယ်ရာ ရေမြေဒေသရာသီဥတု၊ ဈေးကွက် အပေါ်မူတည်၍ ရွေးချယ်စိုက်ပျိုးပါ။ နှစ်ရှည်စိုက်ပျိုးမည့် နေရာအားကွက်၍ မြေပြင်ခြင်း၊ ပေါင်းရှင်းခြင်း ဆောင်ရွက်ပါ။ နှစ်ရှည်သီးနှံပင်များအား စိုက်ခင်း၏ တတိယမြောက်အကန့်တိုင်းတွင် စိုက်ပျိုးပါ။ ကော်ဖီ၊ ငှက်ပျော၊ ရှောက်၊ သဘော်နှင့် အခြားအပင်အမြင့် တူသော သီးနှံများကို နှစ်ရှည်သီးနှံများအဖြစ်စိုက်ပျိုးပါ။ အပင်မြင့်သည့်သီးနှံများကို တောင်စောင်း၏ အောက်ခြေ အနိမ့် ပိုင်းတွင်စိုက်ပျိုး၍ အပင်အရပ်နိမ့်သောသီးနှံများကို တောင်စောင်းအပေါ်ပိုင်းတွင် စိုက်ပျိုးပါ။




### အဆင့် (၇) ရာသီသီးနှံများစိုက်ပျိုးခြင်း

နှစ်ရှည်သီးနှံပင်များမှ ဝင်ငွေမရမီ အစားအစာနှင့် ဝင်ငွေရနိုင်သည့် သက်တမ်းတို/ရာသီ သီးနှံများကို နှစ်ရှည်သီးနှံအကန့်များကြားစိုက်ပျိုး

စာ-၁၅ သို့

# ဆန်အမျိုးအမည် လိမ်လည်တင်ပို့ရန်ကြိုးပမ်းခဲ့သည့် ကုမ္ပဏီ ၂ ခုအား အိန္ဒိယအကောက်ခွန်ဌာနမှ ထိရောက်စွာ အရေးယူ

**ဘာသာ**စမာတီမဟုတ်သော ဆန်ဖြူကို ဘာသာစမာတီမဟုတ်သော ဩဂဲနစ်ဆန်ဖြူအဖြစ် လိမ်လည်တင်ပို့ရန် ကြိုးပမ်းခဲ့သည့် ကုမ္ပဏီ ၂ ခုအား အိန္ဒိယအကောက်ခွန်ဌာနမှ ထိရောက်စွာအရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီ ၂ ခု၏ အမည်မှာ Reliteaur Foods Private နှင့် Elite Agro Specialities ကုမ္ပဏီတို့ဖြစ်ကာ ၎င်းတို့သည် ဘာသာစမာတီမဟုတ်သော ဆန်ဖြူကို ဘာသာစမာတီမဟုတ်သော ဩဂဲနစ်ဆန်ဖြူအဖြစ် လိမ်လည်တင်ပို့ရန် ကြိုးပမ်းခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်ဟု အာဏာပိုင်များက ပြောကြားခဲ့သည်။ ယင်းသို့ ကုန်အမျိုးအမည် လိမ်လည်၍ ထုတ်ဖော်ကြေညာခဲ့သည့်အတွက် ၎င်းတို့ အနေဖြင့် ဒဏ်ငွေ ရူပီး ၇၅ သိန်းစီပေး ဆောင်ကြရမည်ဖြစ်ကာ ၎င်းတို့၏ ဆန် ၂၅၅၀၀ တန်နှင့် ၁၆၇၀၀ တန်တို့အား သိမ်းဆည်းခံရခြင်းမရှိရန် နောက်ထပ် ဒဏ်ငွေ ရူပီး ၉၅ သိန်းနှင့် ၆၅ သိန်း အသီးသီး ထပ်မံပေးဆောင်ကြမည်ဟု သိရသည်။

အိန္ဒိယအကောက်ခွန်ဌာနအနေဖြင့် သက်ဆိုင်ရာကုမ္ပဏီများကို ယင်းသို့ ဒဏ်ငွေများပေးဆောင်စေရန် အရေးယူထားသည့်တိုင် ထပ်မံ၍ တင်းတင်းကြပ်ကြပ်အရေးယူသင့်သည်ဟု ဆန်လောက ကျွမ်းကျင်သူများက ထောက်ပြပြောဆိုကြသည်။ ကုန်သည်များအနေဖြင့် ဖမ်းဆီးထိန်း သိမ်းခံထားရသော ဆန်များအတွက် သိုလှောင်စရိတ်နှင့် အခြားစရိတ်များ ထပ်မံကုန်ကျလာဖွယ်ရှိသည့်အတွက် အာဏာပိုင်များအနေဖြင့် အထက်ပါ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ် ပြင်ဆင်သွားဖွယ်ရှိကြောင်းလည်းသိရသည်။

အိန္ဒိယ စိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များ ပို့ကုန်ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (Agricultural and Processed Food Products Export Development Authority - APEDA)မှ၎င်းကုမ္ပဏီများကို ယာယီလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်များ အလျင်ဦးစွာ ထုတ်ပေးခဲ့ပြီး နောက်မှ ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါအဖွဲ့အစည်း၏ပေါ့လျော့မှုနှင့် အတည်ပြုစစ်ဆေးမှုလုပ်ငန်းစဉ်အပေါ် မေးခွန်းထုတ်ဖွယ်ဖြစ်ကြောင်း သိရသည်။



ယင်းသို့ လိမ်လည်တင်ပို့သည့် အလေ့အကျင့်များနှင့် မသမာမှုများအပေါ် အထူးပင် စိုးရိမ် မကင်းဖြစ်ရကြောင်း ကုန်သည်အသိုင်းအဝိုင်းမှ ကျွမ်းကျင်သူများက ဖော်ထုတ်ပြောကြားခဲ့သည်။ အဆိုပါ မလျော်ကန်သော လုပ်ဆောင်ချက်များကြောင့် အိန္ဒိယဩဂဲနစ်ဆန်၏ နာမည်ဂုဏ်သတင်းကို ထိခိုက်စေရုံသာမက မှန်မှန်ကန်ကန်ဆောင်ရွက်လျက်ရှိသည့် အခြားကုမ္ပဏီများအပေါ်လည်း ထိခိုက်နစ်နာမှုများ ရှိစေသည်ဟု ပြောကြားခဲ့သည်။ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ယင်းသို့ ဥပဒေနှင့်မညီသော ပြုမူဆောင်ရွက်မှုများအပေါ် ထိရောက်စွာကာကွယ်တားဆီးနိုင်ခြင်းရှိ မရှိကို မေးခွန်းထုတ်ဖွယ်ဖြစ်နေသည်ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် အဆိုပါကိစ္စအပေါ် သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိကာ ပါဝင်ပတ်သက်သူများအပေါ် နောက်ထပ် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ဖွယ်ရှိမရှိကိုမူ ဆက်လက် စောင့်ကြည့်ရမည်ဖြစ်ကြောင်းနှင့် အလားတူ ဖြစ်ရပ်များ ထပ်မံဖြစ်ပွားမှုမရှိစေရန် ပိုမိုတင်းကြပ်သော စီမံဆောင်ရွက်မှုများ ပြုလုပ်သွားဖွယ်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်မှ ၂၀၂၄ ခုနှစ်၊ စက် တင်ဘာအထိ ပြည်ပသို့ တင်ပို့ခွင့် ပိတ်ပင်ထားခဲ့သော ဘာသာစမာတီမဟုတ်သော ဆန်ဖြူကို မကြာသေးမီက လွတ်လပ်စွာ ပြန် လည်တင်ပို့ခွင့်ပြုခဲ့ပြီးနောက် ယခုကဲ့သို့ မသမာမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, Customs imposes penalties on 2 firms for irregularities in organic rice exports, November 18, 2024

# ဗီယက်နမ်၏ လယ်ယာထွက်ကုန်တင်ပို့မှုသည် စိန်ခေါ်မှုများစွာကို ဆက်လက်ရင်ဆိုင်ရဦးမည်ဟု ကျွမ်းကျင်သူများကပြောကြား

**စိုက်**ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဒုဝန်ကြီး Phung Duc Tien က ဗီယက်နမ်နိုင်ငံ လယ်ယာထွက်ကုန် ပြည်ပပို့ကုန်အတွက် အဓိက စိန်ခေါ်မှုငါးခုမှာ သွင်းအားစု ကုန်ကျစရိတ်များ မြင့်တက်လာခြင်း၊ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များ မြင့်မားလာခြင်း၊ အခြားသောနိုင်ငံများ၏ သွင်းကုန်မူဝါဒများ မကြာခဏပြောင်းလဲခြင်းနှင့် ဘဏ်အတိုးနှုန်း အတက်အကျများခြင်းတို့ဖြစ်ကြောင်း၊ ထုတ်လုပ်သူများကလည်း ထုတ်လုပ်မှုစံနှုန်းများနှင့် ကိုက်ညီရုံသာမက ပိုမိုတင်းကြပ်သော အရည်အသွေးစံနှုန်းများကိုပါ လိုက်နာရန် လိုအပ်ကြောင်း၊ ထို့အပြင် ငွေကြေးဖောင်းပွမှု ဖိအားများကြောင့် ပြည်ပ စားသုံးသူများကလည်း ငွေကြေးသုံးစွဲမှု လျော့နည်းလာကြောင်း ပြောကြားခဲ့ပါသည်။

ငါးလုပ်ငန်းကဏ္ဍတွင် ဗီယက်နမ်သည် ၎င်း၏ငါးဖမ်းထွက်ကုန်များ တင်ပို့ရာတွင် လွယ်ကူ ချောမွေ့စေရေးအတွက် တရားမဝင်ခြင်း၊ အစီရင် မခံခြင်း၊ စည်းကြပ်မှုမရှိခြင်း စသော (IUU) ငါးဖမ်းခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် EU ၏ "အဝါကတ်"ရုပ်သိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေး ပညာရှင် Hoang Trong Thuy က ရာသီဥတုဖောက်ပြန်မှုသည် ဗီယက်နမ်၏ ငါးပုစွန်လုပ်ငန်းအတွက် သိသာထင်ရှားသော စိန်ခေါ်မှုများဖြစ်လာကြောင်း၊ နိုင်ငံ၏ ငါးပုစွန်မွေးမြူရေးအတွက် အခြေခံ အဆောက်အဦသည် လုပ်ငန်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် လုံလောက်သောဖွံ့ဖြိုးမှု မရှိသေးကြောင်း၊ ရေထွက်ပစ္စည်းအရင်းအမြစ်များ၏ အရည်အသွေးသည်လည်း စားသုံးသူလိုအပ်ချက်များနှင့်ကိုက်ညီသောအရည်အသွေးမြင့် ထုတ်ကုန်များအဖြစ် မြှင့်တင်ရန် လိုအပ်ကြောင်း ပြောကြားသည်။ ဟိုချီမင်းမြို့ (HCM)ရှိ ဗီယက်နမ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (VCCI)မှ ဒါရိုက်တာ Tran Ngoc Liem က ဗီယက်နမ်၏ သစ်လုပ်ငန်းနှင့် ပို့ကုန်ကဏ္ဍသည်လည်း ၂၀၂၄ ခုနှစ်တွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း ပြောကြားခဲ့သည်။ အထူးသဖြင့် အမေရိကန်နှင့် ဥရောပကဲ့သို့သော အဓိကဈေးကွက်များတွင် စီးပွားရေးကျဆင်းမှုနှင့် ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းကြောင့် ဝယ်လိုအား သိသိသာသာ ကျဆင်းသွားပြီး စားသုံးသူများ၏ အသုံးစရိတ် သုံးစွဲမှု ကြပ်တည်းလာကြပါသည်။ အဆိုပါ ဈေးကွက်များမှ အမှာစာအရေအတွက် သိသိသာသာ ကျဆင်းသွားပြီး သစ်လုပ်ငန်းကို ထိခိုက်ခဲ့သည်။

ဥရောပ၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၌ ယခုနှစ်ကုန် နှစ်သစ်ကူးပွဲတော် ရောက်ရှိလာခြင်းနှင့် တရုတ်နိုင်ငံ၏ ဝယ်လိုအားကို ကာမိစေနိုင်သော လွတ်လပ်သည့် ကုန်သွယ်မှု သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းဖြင့် အခြား

စာ-၇ သို့



# ရုရှား၏ ဆန်တင်ပို့မှုတားမြစ်ချက်ကို ၂၀၂၅ ဇွန် ၃၀ ရက်အထိ သက်တမ်းတိုးမည်

ရုရှားနိုင်ငံမှ ဆန်နှင့် ဆန်စပါးများ တင်ပို့မှုတားမြစ်ချက်ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၆ လ ထပ်မံ သက်တမ်းတိုးရန် ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနက အစိုးရထံ အဆိုပြုထားကြောင်း ၎င်းသက်ဆိုင်ရာဥပဒေမူကြမ်းကို အစိုးရ၏တရားဝင် Website ပေါ်တွင် ဖော်ပြထားသည်။

အဆိုပါတားမြစ်ချက်သည် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံမှုရရှိစေရန်၊ ပြည်တွင်းဈေးကွက်တွင် ဆန်စပါးပြတ်လပ်မှုအန္တရာယ်ကို ရှောင်ရှားရန်နှင့် စားသုံးသူများအတွက် ကုန်ဈေးနှုန်းတည်ငြိမ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ယင်းဥပဒေမူကြမ်းတွင် ရုရှားမှ ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU) အဖွဲ့ဝင်နိုင်ငံများနှင့် အစိုးရချင်း သဘောတူညီချက်ဖြင့် ပြည်ပနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအတွက် တင်ပို့သည့် ဆန်စပါးများအပေါ် သက် ရောက်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။

ရုရှားတွင် ဆန်နှင့် ဆန်စပါးတင်ပို့မှု ယာယီ တားမြစ်ချက်ကို Krasnodar နယ်မြေ(ရုရှားတွင် ဆန်အဓိကထွက်ရှိသော ဒေသ ) ရှိ Fedorovsky ရေအားလျှပ်စစ်စက်ရုံ မတော်တဆမှုဖြစ်ပွားပြီး နောက် ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁ ရက်တွင် စတင်ခဲ့ပြီး ပို့ကုန်ကန့်သတ်ချက်အား ၆ လ တစ်ကြိမ် ပုံမှန် သက်တမ်းတိုးခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်အထိ သက်တမ်းရှိခဲ့သည်။

ရုရှားတွင် ဆန်စပါးထုတ်လုပ်နိုင်မှုသည် နှစ်စဉ် တန်ချိန် ၁ သန်းကျော်ရှိသည်။ ၂၀၂၃ ခုနှစ် တွင် စပါးတန်ချိန် ၁. ၁၁သမ ၂ သန်းနီးပါး ရိတ်သိမ်းနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင်လည်း အလားတူ ပမာဏကို ရိတ်သိမ်းနိုင်ခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသော ဆန်စပါးများသည် ဆန်လုံးတို(short grain rice) သာ ဖြစ်ပြီး ပြည်တွင်းစားသုံးရန်အတွက် လုံလောက်စွာထွက်ရှိသော်လည်း ဆန်လုံးရှည် (Long grain rice) သည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းနေရကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသို့ ဆန်အဓိကတင်သွင်းခဲ့သည့် နိုင်ငံများမှာ အိန္ဒိယ(တန်ချိန် ၁၃၂,၇၈၀)၊ တရုတ်(တန်ချိန် ၂၄,၆၈၁)၊ ကာဇက်စတန်(တန်ချိန် ၂၈,၃၀၉)၊ ထိုင်း(တန်ချိန် ၂၁,၆၇၅) နှင့် တူကီယဲ(တန်ချိန် ၅,၆၂၉) တို့ဖြစ်သည်။



**ခွန်မျိုးသူ**

https://www.kommersant.ru/doc/7311077

စာ-၆ မှ

သောဈေးကွက်များကို စဉ်းစား၍ ဗီယက်နမ် ဆန်တင်ပို့သူများအတွက် အခွင့်အလမ်းများရှိကြောင်း Liem က ပြောကြားခဲ့သည်။ ဗီယက်နမ် ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (VASEP)၏ လက်ထောက်အထွေထွေ အတွင်းရေးမှူး To Thi Tuong Lan က တင်သွင်းသော နိုင်ငံများမှ စားသုံးသူများ၏ လိုအပ်ချက်နှင့် နည်းပညာဆိုင်ရာ အတားအဆီးများကို ဖြေရှင်းနိုင်ရန် ဗီယက်နမ် ပင်လယ်စာထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များသည် ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရန် နည်းပညာပိုင်းတွင် ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ ထို့အပြင် မြစိမ်းရောင်ထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး Tien က လယ်ယာထွက်ကုန်ထုတ်လုပ်ရာတွင် အဆင့်မြင့်နည်းပညာ အသုံးချခြင်းသည် စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်နှင့်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အရေးကြီးကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်း သိမ်းရေးနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းသုံးစွဲမှုနှင့်အတူဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ အော်ဂဲနစ်မြေဩဇာနှင့် ပိုးသတ်ဆေးများအသုံးပြုခြင်း၊ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်းနှင့် မြေဆီလွှာနှင့် ဇီဝမျိုးစုံမျိုးကွဲများကိုကာကွယ်ခြင်းစသည့် အစီအမံများကို ဗီယက်နမ်လယ်ယာထွက်ကုန် များ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုတိုးမြှင့်လာစေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့်ချမှတ်သင့်သည် ဟု Tien ပြောကြားခဲ့ကြောင်း Lang Son News သတင်းဆောင်းပါးအရ သိရှိရပါသည်။

**လင်းလဲ့ရည်အောင်**

https://baolangson.vn/en/vietnam-s-agricultural-export-faces-challenges-5029791.html
(၂၆-၁၁-၂၀၂၄)

# ရုရှား-ထိုင်း ကုန်သွယ်မှုပမာဏ ၉ လတာအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံသို့ ရောက်ရှိ



၂၀၂၄ ခုနှစ် ပထမ ၉ လတာကာလအတွင်း ရုရှားနှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှု ပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း ထိုင်း-ရုရှား စီးပွားရေး ကောင်စီနှင့် ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Kriengkrai Thiennukul က ပြောကြားခဲ့ သည်။

ဒဏ်ခတ်ပိတ်ဆို့မှုများကြောင့် ငွေပေးချေမှုအပါအဝင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတွင်အခက်အခဲ အတား အဆီးတချို့ ရှိသော်လည်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ပထမ ၉ လ အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့်အထိ ရောက်ရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံသည် ရုရှားနိုင်ငံသို့ ကန်ဒေါ်လာ ၆၁၀ သန်းတန်ဖိုးရှိ ကုန်ပစ္စည်းများ တင်ပို့ခဲ့ပြီး ရုရှားနိုင်ငံမှ ကန်ဒေါ်လာ ၅၇၉ သန်းတန်ဖိုးရှိ ကုန်ပစ္စည်းများ တင်သွင်းခဲ့ကြောင်း၊ ထိုင်းနိုင်ငံသည် ရုရှားရေနံစိမ်းနှင့် ဓာတ်မြေဩဇာ များတင်သွင်းရန် စိတ်ဝင်စားကြောင်း Mr. Kriengkrai Thiennukul က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် ရုရှားခရီးသွားအရေအတွက်သည် နှစ်စမှ စတင်၍ စက်တင်ဘာလအထိ ၁ ဒသမ ၄ သန်းကျော်ရှိကြောင်း နှစ်နိုင်ငံကြား ခရီးသွား ဖလှယ်ရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ထိုင်းနိုင်ငံသို့ ရေနံနှင့် ရေနံထွက်ပစ္စည်း၊ ဓာတ်မြေဩဇာ၊ သံနှင့် သံမဏိ၊ အလူမီနီယံ၊ ဂျုံ၊ ကျောက်မျက်ရတနာ၊ နို့နှင့် နို့ထွက်ပစ္စည်း၊ သတ္တုနှင့် ဆောက်လုပ်ရေးပစ္စည်းများကို အဓိကတင်ပို့ပြီး ထိုင်းနိုင်ငံမှ စက်ပစ္စည်းနှင့် အစိတ်အပိုင်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ တာယာ၊ စည်သွတ်သစ်သီးများ၊ စည်သွတ်ပင်လယ်စာ၊ ရော်ဘာ၊ ဆန်၊ ဟင်းခတ်အမွှေးအကြိုင်များ စသည်တို့ကို အဓိကတင်သွင်းကြောင်း သိရသည်။

**ခွန်မျိုးသူ**

https://tass.ru/ekonomika/185410987

# အဏ္ဏဝါဂေဟာစနစ်ကိုအကျိုးပြုသော ပင်လယ်မြက်များ



ဇော်ကြီး(ငါးဦးစီး)

ကမ္ဘာပေါ်တွင်ပင်လယ်မြက်များသည် ပန်းပွင့်သော အပင် များ အုပ်စု (Angiosperm) ၏ သုညဒသမ ၀၁ သာရှိပြီး အပူပိုင်းနှင့် သမပိုင်းဒေသများ၏ ကမ်းရိုးတန်းရေတိမ်ပိုင်းတွင် ပျံ့နှံ့ ပေါက်ရောက်နေကြသည်။ ကမ္ဘာပေါ်တွင် ပင်လယ်မြက်အပင်အမျိုးအစား ၇၂ မျိုးရှိသည်။ အရွက်၊ အမြစ်နှင့်အပွင့်ရှိသော အပင်ဖြစ်သည့်ပင်လယ်မြက်(Seagrass) များသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၁၀၀ ခန့် အချိန်တည်းက ကုန်းမြေပေါ်ရှိမြက်များမှ ဆင်းသက်လာခြင်းဖြစ်ပါသည်။

Marine Flowering Plants ဟူ၍လည်းခေါ်ဆိုကြသည့် ပင်လယ်မြက်များသည် သက်ရှိဝန်းကျင်အတွက် လိုအပ်သောအထောက်အပံ့အချို့ကို ပေးပါသည်။ပင်လယ်မြက်များသည် သဘာဝဖြစ်စဉ်၏ အချို့အစိတ်အပိုင်းများတွင် လူသားများ၏ လိုအပ်ချက်ကို တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်ပြီး အကျိုးပြုပါသည်။

## ပင်လယ်မြက်များ၏ အရေးပါပုံ

ပင်လယ်မြက်ခင်းများသည် အောက်ပါဂေဟာစနစ် ဝန်ဆောင်မှုများ (Ecosystem services) ကို သဘာဝအတိုင်း လုပ်ဆောင်ပေးနေကြသည်-

(က) ကိုယ်တိုင် အခြားသတ္တဝါများနှင့်အကောင်ငယ်များအတွက် အစာများ ဖြစ်စေခြင်း၊
(ခ) အခြားသတ္တဝါများနှင့်အကောင်ငယ်များ ခိုလှုံနေထိုင်ပေါက်ဖွားရန်နေရာများ ဖြစ်စေခြင်း၊
(ဂ) ကာဗွန်စုဆောင်းပေး၍ အောက်စီဂျင်ထုတ် ပေးခြင်း၊
(ဃ) ကမ်းပြိုမှုမှကာကွယ်ပေးခြင်း၊
(င)အပန်းဖြေနိုင်စေခြင်း၊
(စ)စီးပွားရေးအရအရေးပါသော အဏ္ဏဝါကျောရိုးမဲ့မျိုးစိတ်များနှင့် ငါးမျိုးစိတ်များ(သားပေါက်မြေ၊အစာကျွေးမြေ) ဖြစ်စေခြင်း

## မြန်မာ့ပင်လယ်မြက်များ

မြန်မာနိုင်ငံ၏ (၂၈၃၂) ကီလိုမီတာ ရှည်လျားသည့် ကမ်းရိုးတန်းဒေသများတွင် ပေါက်ရောက်နေကြသည့် ပင်လယ်မြက်အမျိုးအစား ၁၁ မျိုးရှိကြောင်း လေ့လာသိရှိထားပြီးဖြစ်သည်။ ၎င်းတို့မှာ- (၁)မြက်ရွက်လုံး၊ (၂) မြက်မျှင်ငယ်၊ (၃) မြက်မျှင်ကြီး၊ (၄) မြက်ထိပ်ဆူး၊ (၅) မြက်ထိပ်ချော၊ (၆) မြက်အုန်းရွက်)၊ (၇) မြက်ရွက်ကွေး၊ (၈) မြက်တက်ကြီး၊ (၉) မြက်တက်ငယ်၊ (၁၀) မြက်တက်ဆူးနှင့် (၁၁) မြက်တက်သွယ် တို့ ဖြစ်ကြသည်။

မြက်မျှင်ငယ်ကို တနင်္သာရီနှင့် ရခိုင်ကမ်းခြေ နေရာအများအပြားတွင်ပေါက်ရောက်နေကြောင်းတွေ့ရသည်။ မြက်တက်ကြီးများကို ရခိုင်ကမ်းခြေနေရာများတွင်သာ ပေါက်ရောက်နေကြောင်း တွေ့ရပြီး မြက်တက်ငယ်ကို တနင်္သာရီကမ်းခြေနေရာများတွင်ပေါက်ရောက်ကြကြောင်း တွေ့ရသည်။ ယေဘူယျအားဖြင့် ရေချိုပြီးနံ့များသဖြင့် နောက်ကျိနေသည့် ဧရာဝတီ၊ စစ်တောင်းနှင့် သံလွင်မြစ်ဝရှိ ရေချိုရေငန်စပ်ကမ်းခြေဒေသများတွင် ပင်လယ်မြက်အများစုသည်ပေါက် ရောက်နိုင်ခြင်းမရှိသော်လည်း အဆိုပါဒေသများ၏ ရွံ့ပြင်များ (Mud-flats) ပေါ်တွင် မြက်တက်သွယ် အပင်တစ်မျိုးသာ ပေါက်ရောက်နိုင်ကြောင်း တွေ့ရသည် ။

မြန်မာနိုင်ငံတွင်တွေ့ရှိရသည့် ပင်လယ်မြက်ခင်းများ ၏ဧရိယာမှာ ဧက ၃၀၀၀-၅၀၀၀ ခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ တနင်္သာရီကမ်းခြေဒေသများရှိ ပင်လယ်မြက်ခင်းများသည် ရေကျချိန်တွင် လုံး၀ ရေပေါ် ပေါ်နေတတ်ကြသော်လည်း ရခိုင်ကမ်းခြေဒေသများရှိ ပင်လယ်မြက်ခင်းများသည် ရေကျချိန်တွင် လုံး၀ ရေအောက်တွင် မြုပ်နေသည့် သဘာဝများ ရှိနေတတ်ခြင်းကြောင့် ဂေဟာစနစ်များလည်း ကွဲပြားခြားနားနေကြသည်။

## ရေသတ္တဝါမျိုးစိတ်အချို့ကို ထိန်းသိမ်းပေးသောပင်လယ်မြက်များ

ပင်လယ်မြက်များသည် သဘာဝဖြစ်စဉ်၏ အချို့အစိတ်အပိုင်းများတွင် လူသားများ၏ လိုအပ်ချက်ကို တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်ပြီး အကျိုးပြုပါသည်။ပင်လယ်ပြင်တွင် အချို့သော Coral Reef Fish မျိုးစိတ်များ၏ အရွယ်ရောက်မှုဖြစ်စဉ်အတွက် ပင်လယ်မြက်ကို မှီခိုကြရပါသည်။

ပင်လယ်မြက်များသည် ကမ်းရိုးတန်းဒေသ အကာအကွယ်ရှိသော အော်၊ ရေငန်အိုင်၊ မြစ်ဝများတွင် ပေါက်ရောက်လေ့ရှိပြီး ၎င်းတို့ရှင်သန်ရန် နေရောင်ခြည်နှင့် ရှင်သန်နိုင်မည့်အပူချိန်လိုအပ်ပါသည်။ ပင်လယ်မြက်ရှိသောနေရာတွင်ပင်လယ် မျှော့၊ပင်လယ်လိပ်၊ပုစွန်ဆိတ်၊ပုစွန်ထုပ်၊ရေဝက်၊လင်းပိုင်နှင့် ပင်လယ်ငှက်အချို့ ထိန်းသိမ်းကျက်စားလေ့ရှိသည့်အတွက်ငါးမျိုးစိတ်အချို့ကို ထိန်းသိမ်းသည့် ပတ်ဝန်းကျင်မြေပြင်အဖြစ် တာဝန်ထမ်းဆောင်ကြပါသည်။

## ပင်လယ်မြက်များပျက်စီးခြင်း

ကမ္ဘာတစ်ဝှမ်းရှိ ပင်လယ်မြက်ခင်းများ၏ ၆၀ ရာခိုင်နှုန်းသည် ၁၉၈၀ ခုနှစ်မှ ယနေ့ထိ ပျက်စီးနေရခြင်းမှာ အလင်းပြင်းခြင်းနှင့် အပူချိန်လွန်ကဲခြင်း၊ ရေထုညစ်ညမ်းခြင်း၊ ပင်လယ်မြက်ခင်းများ ပေါက်ရောက်ရာ ကမ်းခြေဒေသများ ဖျက်ဆီးခံရခြင်း၊ နေရာဒေသများ ဆုံးရှုံးခြင်း၊ ပင်လယ်ပြင်ညစ်ညမ်းခြင်းတို့ကြောင့် ဖြစ်သည်။

## ပင်လယ်မြက်ဂေဟာစနစ်ပျက်စီးခြင်း အကြောင်းအရင်း

- ပင်လယ်ရေ၏စံအဆင့်သည် ၇ ဒသမ ၈ နှင့် ၇ ဒသမ ၉ ကြားသို့ ကျဆင်းသွားလျှင် ပင်လယ်ရေအတွင်းရှိ အက်ဆစ်ဓာတ်များ ပါဝင်မှု မြင့်တက်လာခြင်းကြောင့် ကာဗွန်နိတ်အိုင်းယွန်းပါဝင်မှုသည် ၅၀ ရာခိုင်နှုန်း လျော့နည်းသွားမည်ဖြစ်သည်။
- $CO_2$ သည် ပင်လယ်ရေတွင်ပျော်ဝင်သောအခါ သမုဒ္ဒရာအတွင်း ကာဗွန်နစ်အက်ဆစ်ဓာတ် ($H_2CO_3$) များ ဖြစ်ပေါ်လာသည်။
- ရေနေသတ္တဝါများကို ကြီးထွားလာစေရန်အတွက် အရေးပါသော ပင် လယ်မြက်ဂေဟာစနစ်တစ်ခုလုံးကိုလည်း အနှောင့်အယှက်ဖြစ်စေနိုင်ပါသည်။
- သမုဒ္ဒရာအတွင်း အက်ဆစ်ဓာတ်ပြုခြင်းသည် သမုဒ္ဒရာအတွင်းရှိ ပလတ်စတစ်အမှိုက်များမှ ရရှိလာသော ဘက်တီးရီးယားပိုးနှင့် အဏုဇီဝပိုးများ စုပုံနေခြင်းကြောင့် ပင် လယ်မြက်ဂေဟာစနစ်ကို ပျက်စီးစေပါသည်။
-ကမ္ဘာ့သန္တာကျောက်တန်းများနှင့် ပင်လယ်မြက်များလျော့နည်းလာပါက ၎င်းအပေါ်တွင် မှီခိုနေထိုင်ကြသည့် ရေနေသတ္တဝါများလည်း ကျဆင်းလာနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြသည်။

## ပင်လယ်မြက်များပျက်စီးရခြင်း အကြောင်းရင်းများ

မြန်မာ့ပင်လယ်မြက်ခင်းများ ပေါက်ရောက်ရာကမ်းခြေ ဒေသများသည် လူနေသိပ်သည်းသည့် မြို့ပြများနှင့် အလှမ်းဝေးနေသဖြင့် မြို့ပြ၏အညစ်အကြေးနှင့် လူများ၏အနှောက်အယှက်မှ ကင်းဝေးသည်။ သို့သော် နွေရာသီကာလရေကျချိန် လေပေါ်ပေါ်နေချိန်များတွင် အလင်းပြင်းနှင့်အပူချိန်လွန်ကဲခြင်းဒဏ်ကို ပြင်းထန်စွာ ခံရခြင်း၊ မိုးရာသီမြေပြိုခြင်းကြောင့်နှင့် ဆောင်းရာသီလဟာလှိုင်းများသယ်ဆောင်လာသည့်သဲနုံးများ ဖုံးအုပ်ခံရခြင်း၊ သဲထုတ်ယူခြင်း၊ ရာသီဥတု ပြောင်းလဲခြင်း၊သင်္ဘောများ ဆီယိုဖိတ်ခြင်းကြောင့် ပျက်စီးခြင်း၊ မဆင်မခြင်ငါးဖမ်းခြင်းများကြောင့် ပျက်စီးခြင်း၊ ရေထုညစ်ညမ်းခြင်းအစရှိသည့် သဘာဝတရား၏စိုးမိုးခြယ်လှယ်ခြိမ်းခြောက်သည့်ဒဏ်များကို ခံနေရခြင်းများ ရှိနေသည်။

## ရေသတ္တဝါများအတွက် အသုံးဝင်သောပင်လယ်မြက်

မြန်မာနိုင်ငံ ရခိုင်ကမ်းခြေဒေသများရှိဒေသခံများက ပင်လယ်မြက်များကို "လိပ်စာဖတ်မြက်" ဟူ၍ ခေါ်ကြသည်။ ပင်လယ်မြက်များကို ရှားပါးသည့်လိပ်များ ဖြစ်ကြသည့် ပင်လယ်လိပ် ၅ မျိုးဖြစ်သည့် လိပ်ကြက်တူရွေး၊ လိပ်လျောင်း၊ လိပ်

စာ-၉ သို့

# ကမ္ဘာ့ဆန်ဈေးကွက်တွင် ပါကစ္စတန်သည် အိန္ဒိယအတွက် အဓိကပြိုင်ဖက်ဖြစ်လာ

ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းများ ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့ရာမှ မကြာသေးခင်က ပြန်လည်မြင့်တက်ခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အဓိကပြိုင်ဖက်ဖြစ်လာ ကြောင်း သိရသည်။ ထိုင်းနိုင်ငံမှ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်ဖြူ ၁ တန်လျှင် ကန်ဒေါ်လာ ၅၁၆၊ ဗီယက်နမ်နိုင်ငံမှ ၁ တန်လျှင် ၅၂၄ ဖြင့် တင်ပို့ရောင်းချလျက်ရှိစဉ် ပါကစ္စတန်ဆန်ကို ၁ တန်လျှင် ကန်ဒေါ်လာ ၄၅၅ မှ ၄၅၉ အတွင်း၌ သတ်မှတ်၍ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အိန္ဒိယမှ ဆန်ဖြူဈေးနှုန်း ၁ တန်လျှင် ကန်ဒေါ်လာ ၄၅၃ မှ ၄၅၇ အတွင်း ၁၀ ဒေါ်လာခန့် မြင့်တက်လာခဲ့ကြောင်း၊ မကြာမီရောက်ရှိလာမည့် ဆန်သစ်များအတွက် သင်္ဘောပေါ်အရောက်ဈေး ၁ တန်လျှင် ကန်ဒေါ်လာ ၄၆၀ ဖြင့် ကမ်းလှမ်းထားကြောင်း စိုက်ပျိုးရေးပို့ကုန်လုပ်ငန်းရှင်များ အသင်း (Agri Commodities Exporters Association - ACEA)၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ Prakash က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ ရူပီးတန်ဖိုးမှာ အိန္ဒိယနှင့် နှိုင်းယှဉ်လျှင် နိမ့်ကျသည့်အတွက် ၎င်းအတွက် အနည်းငယ် အသာစီးရရှိစေကြောင်း၊ အိန္ဒိယနိုင်ငံသည် ဆန်ဖြူကို ၁ လ လျှင် ၁ သန်းမှ ၁ ဒသမ ၃ သန်းခန့်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ သို့သော် ဖိလစ်ပိုင်နိုင်ငံရှိ ဝယ်သူအချို့က ပါကစ္စတန် ဆန်နှင့် ပတ်သက်၍ အရည်အသွေးပိုင်း စိတ်မချရကြောင်း ပြောကြားခဲ့သည်။

တစ်ဖက်တွင် ပါကစ္စတန်နိုင်ငံသည် ကုန်တင်စရိတ်သက်သာသည့် အားသာချက်ရှိကြောင်း၊ အထူးသဖြင့် ကရာချိဆိပ်ကမ်းမှ မောရီရှနိုင်ငံ လူးဝစ်ဆိပ်ကမ်း (Louis) သို့ တင်ပို့ရာ လမ်းကြောင်း အတွက် ကုန်သေတ္တာ ၁ လုံးလျှင် ကန်ဒေါ်လာ ၄၅ ခန့်သာကုန်ကျပြီး၊ အိန္ဒိယနိုင်ငံ မူဒရာ (Mundra) ဆိပ်ကမ်းမှ အဆိုပါဆိပ်ကမ်းသို့အရောက် ကန်ဒေါ်လာ ၉၀ ခန့် ကုန်ကျကြောင်း သိရသည်။ ၎င်းအနေဖြင့် တရုတ်နိုင်ငံမှ သွင်းကုန်အမြောက်အများတင်သွင်းလျက်ရှိပြီး၊ အဆိုပါ ကုန်သေတ္တာ အလွတ်များကို အသုံးပြု၍ ပြန်လည် တင်ပို့လျက်ရှိသည့်အတွက် ကုန်သေတ္တာစရိတ် သက်သာရခြင်း ဖြစ်ကြောင်း သိရ သည်။



အိန္ဒိယနိုင်ငံသည် ၂၀၂၂ ခုနှစ် စက်တင်ဘာမှစတင်၍ ပြည်ပဆန်တင်ပို့မှု ကန့်သတ်ပိတ်ပင်ခဲ့ကာ ဆန်ကွဲတင်ပို့မှု ပိတ်ပင်ခဲ့ပြီး၊ ဆန်ဖြူအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံခဲ့သည်။ သို့သော် နိုင်ငံအနေဖြင့် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က ဆန်မက်ထရစ်တန်ချိန် ၁၃၅ ဒသမ ၇၅ သန်းနှင့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်က ဆန်မက်ထရစ်တန်ချိန် ၁၃၇ ဒသမ ၈၂ သန်း ထုတ် လုပ်နိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဆန်ဈေးကွက်တွင် လွှမ်းမိုးထားနိုင်သည့် အခြေအနေကို တွေ့ရှိရကြောင်း သိရသည်။

နိုင်ငံအတွင်း အီသနောထုတ်လုပ်မှုအတွက် အသုံးပြုလျက်ရှိသော ဆန်ကွဲကို ပြည်ပသို့ တင် ပို့မှု ဆက်လက်ပိတ်ပင်ခဲ့သော်လည်း၊ ပြည်တွင်းရှိ ဆန်ဂိုဒေါင်များ၌ ဆန်များပိုလျှံလျက်ရှိသည့်အတွက် ယခုနှစ် စက်တင်ဘာလတွင် ပြည်ပသို့ ဆန်ဖြူတင်ပို့မှု ပြန်လည်ခွင့်ပြုပေးခဲ့သည်။ သို့သော် ပါကစ္စတန်နိုင်ငံမှ ဈေးနှုန်းပိုမိုသက်သာသော ဆန်များကို တင်ပို့ရောင်းချလျက်ရှိခြင်းက အိန္ဒိယနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေကြောင်း သိရသည်။

ကောင်းထွဋ်အောင်

The Hindu Businessline, Pakistan offers India stiff competition as global rice prices rise after sharp fall, November 29, 2024

စာ-၈ မှ

စောင်းလျား၊ပြင်သာလိပ်၊လိပ်ခွေးတို့ က အ မိ က စား သုံး ကြ သ ည် ။ ထို့အတူပင် ပင်လယ်မြက်များသည် ရှားပါးသည့်ပင်လယ်နို့တိုက်သတ္တဝါတစ်မျိုး ဖြစ်သည့် ရေဝက် (Dugong dugon) များ၏ အဓိက အစာလည်း ဖြစ် သ ည်။ အ ရွယ် ရော က် ပြီး သော ရေဝက်တစ်ကောင်သည် တစ်နေ့လျှင် ပင်လယ်မြက် ၂၈ ကီလိုဂရမ် မှ ၄၀ ကီလိုဂရမ်(အစိုအလေးချိန်)ခန့် စားပါသည်။

ပင်လယ်မြက်များ၏ စုဝေးပေါက်ရောက်နေမှုသည်ရေဝက်များ၏ ရှင်သန်နေထိုင်မှုအပေါ်တွင် များစွာ သ က် ရော က် လျ က် ရှိ ပါ သ ည် ။ ရေဝက်များကို ကျယ်ပြောပြီး ရေတိမ်သည့် ပင်လယ်မြက်များပေါက်ရောက်သော ပင်လယ်အော်များ၊ လမုတောများ၏ ရေလက်ကြားများ၊ ကမ်းနှင့်နီးသော ကမ်းစပ်များ၏ ရေတိမ်ပိုင်းတွင် တွေ့ရှိနိုင်သည်။

## ပင်လယ်မြက်များကို ထိန်းသိမ်းခြင်း

ပင်လယ်မြက်ခင်းများ ရေရှည်တည်တံ့စေရန်အတွက် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်ခြင်း၊ကျွန်းနှင့်ကမ်းခြေများတွင် တည်ဆောက်ဖွင့်လှစ်ထားသော ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်အမှိုက်များနှင့် စွန့်ပစ်ရေများကို စနစ်တကျ စွန့်ပစ်စေခြင်း၊ ပင်လယ်မြက်ခင်းများနှင့် ပင်လယ်လိပ်များရှိရာနေရာတွင် ခရီးသွားရေယာဉ်များ၊ ငါးဖမ်းလှေများ ကျောက်ချခြင်းအား ရှောင်ရှားခြင်း၊ရေယာဉ်များမှ ဆီယိုဖိတ်မှုများ မရှိစေရေးအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ခြင်းစသည်တို့ကို ဆောင်ရွက်ရပါမည်။

အချုပ်အားဖြင့် ဆိုရလျှင်-ပင်လယ်မြက်များသည် ရေနေသတ္တဝါများ၏ အစာကွင်းဆက်တွင် အရေးပါသဖြင့် ပင်လယ်မြက်ခင်းများကို ထိန်းသိမ်းခြင်းအားဖြင့် ပင်လယ်ရေနေသတ္တဝါများ၏ အစာကွင်းဆက်နှင့် နေထိုင်ကျက်စားရာ နေရာများကို ထိန်းသိမ်းရာရောက်မည်ဖြစ်သည်။ ပင်လယ်လိပ်များနှင့် ရေဝက်များ၏ အဓိကအစာဖြစ်သည့် ပင်လယ်မြက်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်း လုပ်ဆောင်ခြင်းသည် အဏ္ဏဝါဂေဟာစနစ်ကို ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်သည့်အတွက်ပင်လယ်မြက်များ ရေရှည်တည်တံ့စေရေး စုပေါင်းထိန်းသိမ်းကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဇော်ကြီး(ငါးဦးစီး)

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကုန်းမြင့်လယ်ယာမြေများနှစ်စဉ်ဖော်ထုတ်ပေးနေ

စစ်ကိုင်း၊ ဒီဇင်ဘာ ၁၁

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရွှေ့ပြောင်းတောင်ယာစိုက်ခင်းများ လျှော့နည်းပပျောက်စေရေးအတွက် ကုန်းမြင့်လယ်ယာမြေများ နှစ်စဉ်ဖော်ထုတ်ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနကသိရသည်။ ထိုသို့ နှစ်စဉ်ဖော်ထုတ်ပေးလျက်ရှိသော ကုန်းမြင့်လယ်ယာမြေများတွင် အသုံးပြုရန် အတွက်လည်း လယ်ယာသုံးစက်ကိရိယာများကို ထောက်ပံ့ပေးလျက်ရှိသည်။

"အခုလိုနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျွန်တော်တို့စက်မှု လယ်ယာဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီးအစိုးရရန်ပုံငွေနဲ့ ကုန်းမြင့်လယ်ယာများဖော်ဆောင်ပေး ခြင်း၊ လယ်ယာသုံးစက်ကိရိယာများထောက်ပံ့ပေးခြင်းနဲ့ လယ်ယာသုံးစက်ကိရိယာများမောင်းနှင် ထိန်းသိမ်းမှု(အခြေခံ)သင်တန်းတွေကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု စစ်ကိုင်းတိုင်း ဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးသောင်းထိုက်ကပြောသည်။

ယင်းသို့ ကုန်းမြင့်လယ်ယာမြေများတွင် အသုံးပြုသော လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)တောင်သူသင်တန်းကိုနိုဝင်ဘာ ၂၃ ရက်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်၊ တိုက်ရုံကျေးရွာတွင် ဖွင့်လှစ်ပေးခဲ့သည်။

ထိုသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီနှင့်စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်းကာဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်နှစ်ပတ်ကြာမြင့်မည် ဖြစ်သည်။ အဆိုပါသင်တန်းတွင် စက်မှုလယ်ယာဦးစီးဌာနကျွမ်းကျင်ဝန်ထမ်းများက စာတွေ့/လက်တွေ့သင်ကြားပေးလျက်ရှိကာ သင်တန်းသားတောင်သူ ၂၀ ဦးတက်ရောက်လျက်ရှိကြောင်းသိရသည်။

ဇော်လင်းထွဋ်



# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၁၈)

## တရုတ်နိုင်ငံရှိ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များ

ဒေါက်တာမျိုးကြွယ်

(ယခင်အပတ်မှအဆက်)

ကျွန်တော် စိုက်ပျိုးရေး တက္ကသိုလ်တွင် ရှိနေစဉ်က ၂၀၁၅-၁၆ -ခုနှစ်လောက်တွင် တရုတ်နိုင်ငံယူနန်ပြည်နယ် (Yunnan Province) ကူမင်းမြို့ရှိ ယူနန် စိုက်ပျိုး မွေးမြူရေးတက္ကသိုလ် (Yunnan Agricultural University) နှင့် ဆီချွန်ပြည်နယ် (Sichuan Province) ချမ်ဒူး (Chendu) မြို့ရှိ ဆီချွန်တက္ကသိုလ် (Sichuan University) သို့လေ့လာရေးခရီးသွားရောက်ခဲ့ရပါသည်။

တရုတ်နိုင်ငံ၌ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ပေါင်း ၂၃ ကျောင်းနှင့် အသက် မွေးဝမ်းကျောင်းသင် စိုက်ပျိုးမွေးမြူရေး ကောလိပ်၊ သိပ္ပံပေါင်း ၄၀၀ ကျော်ရှိပါသည်။

(၁) ပထမဦးဆုံး မြို့တော် ဘီဂျင်း (Beijing) တွင် မြန်မာကျောင်းသား၊ ကျောင်းသူအများအပြား သင်ယူလျက်ရှိသည့် တရုတ်စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီ ဘွဲ့လွန်သင်တန်း ကျောင်း (Graduate School of Chinese Academy of Agricultural Sciences - GSCAAS) ကို လေ့လာရအောင်ပါ။

ဤဘွဲ့လွန် သင်တန်းကျောင်းကို ၁၉၅၇-ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး တရုတ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ရေးရာ ဆိုင်ရာဝန်ကြီးဌာန (Ministry of Agriculture and Rural Affairs) ၏ တိုက်ရိုက်ကြီးကြပ်မှု အောက်တွင်ရှိပြီး ဘာသာရပ်ပေါင်းစုံ သင်ကြား၊ သုတေသန (A Comprehensive National Agricultural Scientific Research Institution) ပြုလုပ်ပေးနေသော နာမည် ကြီး သုတေသန တက္ကသိုလ် ဖြစ်ပါသည်။ ဌာနကြီး ၁၀ ခု၊ တစ်နိုင်ငံလုံးရှိ သုတေသနဌာန ပေါင်း ၃၄ ခု နှင့် ဘွဲ့လွန် သင်တန်းကျောင်း (Graduate School) တို့ ပူးပေါင်းဖွဲ့စည်း ထားသော အဖွဲ့အစည်းဖြစ်ပါသည်။ သုတေသန ပါမောက္ခပေါင်း ၁၁၄၂ ဦး အပါအဝင် စုစုပေါင်းသင်ကြားရေး၊ သုတေသနဝန်ထမ်းပေါင်း ၅၉၀၀ ကျော် ရှိပါသည်။ တစ်နိုင်ငံလုံးရှိ ပြည်နယ် ၂၇ခု (27-Provinces) တွင် စိုက်ပျိုး၊ မွေးမြူရေး ဆိုင်ရာသုတေသနဌာန (106-Scientific Research Bases) ပေါင်း ၁၀၆ ခုတွင် မြေဧရိယာပေါင်း ၆၄၆၇-ဟက်တာ (၁၆၀၀၀-ဧကကျော်) တွင် ပြုလုပ်နေလျက်ရှိပါသည်။

(ဒီအချိန်တွင် ကျွန်တော့်စိတ်ကူးထဲ ပေါ်လာနေသည်မှာ နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များအကြောင်းရေးရင်း ဘယ်နိုင်ငံ၊ ဘယ်တက္ကသိုလ်ပဲဖြစ်ဖြစ် လူစွမ်းအားအရင်းအမြစ် (Human Resources) နှင့် မြေဧရိယာ (Land Areas) တွေက ကျွန် တော် တို့ ဆီက စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်တွေထက် ၁၀ ဆ မှ အဆ ၁၀၀ ကျော် အထိ များပြားနေသည်ကို နှိုင်းယှဉ်၍ရနိုင်ပါသည်။ နောက်ကွာခြားချက်တစ်ခုက သူတို့ တက္ကသိုလ်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်၊ ငါးပုစွန်နည်းပညာ၊ အင်ဂျင်နီယာ၊ စီးပွားရေး၊ ခရီးသွားလုပ်ငန်း ဘာသာရပ်အားလုံး တက္ကသိုလ်တစ်ကျောင်း ထဲအောက် တစ်စုတစ်စည်းတည်း ရှိပါသည်။ ကျွန်တော်တို့နိုင်ငံက ဝန်ကြီးဌာန ပေါင်းစုံ အောက်တကွဲတပြားစီဖြစ်ပြီး လူချင်းရင်းနှီးသော်လည်း လက်တွေ့အတူတကွလုပ် ဆောင်ရန် အလွန်ခက်ခဲပါသည်။)

ဤ တရုတ်စိုက်ပျိုးရေးသိပ္ပံ အကယ်ဒမီရှိ ဘွဲ့လွန်သင်တန်းကို ၁၉၇၉-ခုနှစ်တွင် စတင်ခဲ့ပြီး တရုတ်အစိုးရ ပညာသင်ဆု (Chinese Government Scholarships) များစွာပေးကာ ပါရဂူဘွဲ့ ကျမ်းကြီးကြပ်သူ ၇၁၀ ဦး၊ မဟာဘွဲ့ကျမ်းကြီးကြပ်သူ ၁၂၉၄ ဦး က ဘာသာရပ်ပေါင်း ၁၈၀ ကျော်ကို သင်ကြား၊ သုတေသနပြုလျက်ရှိပါသည်။



တရုတ်စိုက်ပျိုးရေးသိပ္ပံ အကယ်ဒမီ ဘွဲ့လွန်သင်တန်းကျောင်း

ဘာသာရပ်၊ ဘာသာခွဲများမှာ စိုက်ပျိုးမွေးမြူရေး (Agriculture)၊ သဘာဝ သိပ္ပံ (Natural Sciences)၊ အင်ဂျင်နီယာ ပညာ (Engineering) နှင့် စီမံခန့်ခွဲမှုပညာ (Management) တို့ဖြစ်ပါသည်။ ဥပမာ - စိုက်ပျိုးမွေးမြူရေး (Academic Field - Agriculture) အောက်ကနေ သီးနှံသိပ္ပံ ဘာသာခွဲ (Primary Disciplines– Crop Sciences) ထိုမှ အပင်မျိုးမွေးမြူရေးနှင့် ဗီဇပညာ ဘာသာစိတ် (Secondary Disciplines/Programs/Majors– Crop Genetics and Breeding) အထိ အသေး စိတ်ခွဲခြားသွားပါသည်။ ၂၀၂၂-ခုနှစ်တွင် ၅၇ နိုင်ငံမှ နိုင်ငံတကာ ကျောင်းသား၊ ကျောင်းသူ ၅၂၃ဦး အပါအဝင် ပြည်တွင်း/ပြည်ပ ဘွဲ့လွန် (မဟာသိပ္ပံနှင့်ပါရဂူ) ကျောင်းသူ၊ ကျောင်းသား ၅၀၀၀ ကျော် သင်ယူ၊ သုတေသန ပြုလျက်ရှိနေပါသည်။


ယူနန်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်

(၂) နောက်တစ်ကျောင်းက ယူနန်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (Yunnan Agricultural University) ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံ နယ်စပ် ယူနန်ပြည်နယ် ကူမင်းမြို့ (Kunming)တွင်ရှိပါသည်၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် နှစ်ဖက်သဘောတူ စာ ချွန်လွှာ (Memorandum of Understanding – MOU) ထိုးထားသဖြင့် ထိုတက္ကသိုလ်တွင်လည်း မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ယူလျက် ရှိနေပါသည်။

တက္ကသိုလ်နှစ်ခု သဘောတူစာချုပ်ကို ကျွန်တော်နှင့်ပါမောက္ခဒေါက်တာကျော်ငွေ ၂၀၁၇-ခုနှစ်က သွားရောက်လက်မှတ်ထိုးခဲ့ရပါသည်။ ကျောင်းသား၊ ကျောင်းသူ ပေါင်း ၂၀၀၀၀ ကျော်ရှိပြီး ပါမောက္ခ ၁၇၃ ဦး အပါအဝင် ဆရာ၊ ဆရာမ ဝန်ထမ်းပေါင်း ၁၄၀၀ ကျော်ရှိပါသည်။ နယ်မြေ (Campus) ၄ ခု ရှိပြီး မြေဧရိယာ ၈၀၀ ဧက ကျော်ရှိပါသည်။ တက္ကသိုလ် ကို ၁၉၃၈-ခုနှစ်တွင် စိုက်ပျိုးရေးကောလိပ် (Agricultural College) အနေ နှင့် ဖွင့်လှစ်ခဲ့ပြီး ၁၉၅၈-ခုနှစ်တွင် ပြည်နယ်အုပ်ချုပ်မှုအောက် ကူမင်း စိုက်ပျိုးမွေးမြူရေး နှင့်သစ်တောကောလိပ် (Kunming Agricultural and Forestry College) ဖြစ်လာကာ ၁၉၇၁-ခုနှစ်တွင်မှ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဖြစ်လာပါသည်၊

စိုက်ပျိုးမွေးမြူရေး (Agriculture)ဟူ၍သာ အမည်တပ်ထားသော်လည်း သစ်တော (Forestry)၊ စီးပွားရေးနှင့်စီမံခန့်ခွဲရေး (Economics and Management)၊ ဆေးပညာ (Medicine)၊ သိပ္ပံနှင့်အင်ဂျင်နီယာ (Science and Engineering)၊ ဥပဒေနှင့် ဒဿနိက ဗေဒ (Law and Philosophy)၊ ဝိဇ္ဇာနှင့်ရသစာပေ (Arts and Literature) နောက်ဆုံး တရုတ်ဘာသာစကား (Chinese Language) က ဘာသာစုံသင်ကြားပေးပါသည်။ စိုက်ပျိုးရေးနှင့် ဆက်စပ်နေသော ဘာသာများ သင်ကြားပေးနေသော ကောလိပ်များမှာ-

(က) လယ်ယာသီးနှံနှင့်ဇီဝနည်းပညာကောလိပ် (College of Agriculture and Biotechnology)

ကောလိပ်ပေါင်းစုံ တက္ကသိုလ်တစ်ခုတည်းရှိခြင်း၏ အားသာချက်မှာ လယ်ယာသီးနှံ ကောလိပ်၏အောက်တွင် တရုတ်ဆေးဖက်ဝင်အပင်များဌာန (Department of Chinese Medicinal Herbs and Plant Science) ရှိ တရုတ်တိုင်းရင်းဆေးများကို ဆေးပညာကောလိပ်အောက်ရှိ ကုသရေးဌာနများနှင့် ပူးပေါင်းပြီး လူနာများ ကို လက်တွေ့ကုသပေးနေသည်မှာ အလွန်အားကျဖွယ် ကောင်းလှပါသည်။

(ခ) မွေးမြူရေးနှင့် နည်းပညာ ကောလိပ် (College of Animal Science and

စာ-၁၁ သို့

စာ-၁၀ မှ

Technology)

(ဂ) အပင်ကာကွယ်ရေးဆိုင်ရာ ပညာရပ်များကောလိပ် (College of Plant Protection)

(ဃ) ဆေးရွက်ကြီးသိပ္ပံကောလိပ် (College of Tobacco Science)

(င) သဘာဝအရင်းအမြစ်များနှင့်ပတ်ဝန်းကျင်သိပ္ပံကောလိပ် (College of Natural Resources and Environmental Science)

(စ) အစားအစာသိပ္ပံနှင့် နည်းပညာကောလိပ် (College of Food Science and Technology)

(ဆ) ရေအရင်းအမြစ်နှင့် ဖိအားဆိုင်ရာအင်ဂျင်နီယာကောလိပ် (College of Water Resources and Hydraulic Engineering)

(ဇ) စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာကောလိပ် (College of Mechanical and Electrical Engineering)

(ဈ) အခြေခံသိပ္ပံနှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာကောလိပ် (College of Natural Sciences and Information Technology)

(မြန်မာနိုင်ငံစိုက်ပျိုးမွေးမြူရေးတက္ကသိုလ် များတွင် မရှိသေးပါ)

(ည) ဥယျာဉ်ခြံသီးနှံနှင့် မြေယာအလှပြုပြင်ရေး ကောလိပ် (College of Horticulture and Landscape)

(ဋ)စီးပွားရေးနှင့်စီမံခန့်ခွဲမှုကောလိပ် (College of Business and Management)

(ဌ) မာတ်ဝါဒကောလိပ် (College of Marxism)

(ဍ) လူမှုဗေဒနှင့်လူမှုရေးသိပ္ပံကောလိပ် (College of Humanities and Social Sciences)

(ဎ) နိုင်ငံခြားဘာသာသင်ကောလိပ် (College of Foreign Languages)

(ဏ) အားကစားဆိုင်ရာပညာရေးကောလိပ် (College of Physical Education)

(တ)ဗိသုကာပညာအင်ဂျင်နီယာကောလိပ် (College of Architectural Engineering)

(ထ)အသက်မွေးဝမ်းကျောင်းပညာနှင့် စဉ်ဆက်မပြတ်ပညာရေးကောလိပ် (College of Vocational and Continuing Education) စသည်တို့ဖြစ်ပါသည်။(မြန်မာနိုင်ငံစိုက်ပျိုး မွေးမြူရေးတက္ကသိုလ်များတွင် မရှိသေးပါ)

တရုတ်နိုင်ငံတက္ကသိုလ်များတွင် အပြည်ပြည်ဆိုင်ရာဆက်သွယ်မှုကို ၁၉၇၈ခုနှစ်လောက်တွင် တံခါးဖွင့်ဝါဒ (Open door policy)နှင့်အတူ ကျင့်သုံးလာပါသည်။ ၁၉၉၀ နောက်ပိုင်းလောက်တွင် တရုတ်နိုင်ငံ တက္ကသိုလ်များ၌ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ပုံနှိပ်စာအုပ်များပြဋ္ဌာန်းစာအုပ်များ(Text Book) တိုက်ရိုက်အသုံးပြု၍ဖြစ်စေ (သို့မဟုတ်) တရုတ်ဘာသာသို့ ဘာသာပြန်ကြား၍ဖြစ်စေ အသုံးပြုလာပါသည်။ နိုင်ငံ တကာရှိ ဘာသာရပ်ပေါင်းစုံမှ ဧည့်ပါမောက္ခများ၊ ကျွမ်းကျင်ပညာရှင်များ သိပ္ပံပညာရှင်များကိုလည်း တရုတ်တက္ကသိုလ်များသို့ ဖိတ်ကြား၍ သင်ကြားရေးကိစ္စများ၊ သုတေ သနကိစ္စများကို မြောက်မြားစွာ ပူးတွဲလုပ်ဆောင်လာသည်ကို တွေ့မြင်ရပါသည်။ ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံ၌ တက္ကသိုလ်၊ ကောလိပ် စုစုပေါင်း ၂၇၅၆ ခု ရှိပြီး ကျောင်းသား/သူ စုစုပေါင်း သန်း ၂၀ - ကျော် ပညာသင်ကြားလျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။

၂၀၂၂-ခုနှစ် ကမ္ဘာ့တက္ကသိုလ်အဆင့်တွင်လည်း အကောင်းဆုံး၊ အတော်ဆုံး တက္ကသိုလ် ၁၀၀ အတွင်း၌ ဆင်ဟွာတက္ကသိုလ် (Tsinghua University) အဆင့်(၁၇)၊ ပီကင်း တက္ကသိုလ် (Peking University) အဆင့်(၁၈)၊ ဟောင်ကောင်တက္ကသိုလ် (The University of Hong Kong) အဆင့် (၂၂)၊ ဖူဒါန်တက္ကသိုလ် (Fudan University) အဆင့် (၃၁)၊ ဟောင်ကောင်သိပ္ပံနှင့်နည်းပညာတက္ကသိုလ် (The Hong Kong University of Science and Technology) အဆင့် (၃၄)၊ ဟောင်ကောင်တရုတ်တက္ကသိုလ် (The Chinese University of Hong Kong) အဆင့် (၃၉)၊ ဇီကျန်းတက္ကသိုလ် (Zhezing University) အဆင့်(၄၅)၊ ရှန်ဟိုင်းကျိုတောင်း တက္ကသိုလ် (Shanghai Tiao Tong University) အဆင့်(၅၀)၊ ဟောင်ကောင်မြို့တော်တက္ကသိုလ် (City University of Hong Kong) အဆင့် (၅၃)၊ ဟောင်ကောင်ပိုလီတက္ကသိုလ် (The Hong Kong Polytechnic University) အဆင့် (၆၆) နှင့် ပိုဟန်း သိပ္ပံနှင့် နည်းပညာတက္ကသိုလ် (Pohang University of Science and Technology) အဆင့်(၈၁) စသည်ဖြင့် ကမ္ဘာ့အတော်ဆုံး၊ အကောင်းဆုံး တက္ကသိုလ် (၁၀၀)အတွင်း တရုတ်ပြည်မကြီးမှ တက္ကသိုလ် ၆ ခု၊ ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တက္ကသိုလ် ၅ ခု၊ တောင်ကိုရီးယားနိုင်ငံမှ တက္ကသိုလ် ၅ ခု၊ စင်္ကာပူနိုင်ငံမှ တက္ကသိုလ် ၂ ခု၊ မလေးရှားနိုင်ငံမှ တက္ကသိုလ် ၁ ခု ပါဝင် သည်ကို တွေ့ရှိရပါသည်။ (မှီငြမ်း-QS World University Ranking 2022)

ထိုထိပ်တန်းရောက် တက္ကသိုလ်အားလုံးနီးပါးသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တက္ကသိုလ်များ (Autonomy University)ဖြစ်ကြပါသည်။ ပါမောက္ခချုပ် (Rector, Vice-Chancellor, University President) နှင့် တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့၊ ကောင်စီ (University Council, Senate, Board of Governors, Steering Committee) တို့က အပြန်အလှန် ထိန်းကြောင်းပေးရင်း မိမိတက္ကသိုလ်က ပြုလုပ်နေသော သုတေသနများမှ ကမ္ဘာသူ၊ ကမ္ဘာသားများ အကျိုးရှိမှု၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု များများ လုပ်နိုင်လေ လေ၊ ကမ္ဘာ့ထိပ်တန်းဝင် နိုဘယ်ဆုရရှိသူများများ မွေးထုတ်ပေးနိုင်လေလေ၊ မိမိ တက္က သိုလ်ထွက် ဘွဲ့ရများက သင်ကြားပေး လိုက်သော ဘာသာရပ်များနှင့် ကိုက်ညီသော အလုပ်အကိုင်များများ ရနိုင်လေလေ၊ နိုင်ငံတကာမှ တက္ကသိုလ်အချင်းချင်း ပါမောက္ခ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အပြန်အလှန် များများသွားနိုင်လေလေ မိမိတက္ကသိုလ် နာမည် ဂုဏ်သတင်း (Reputation) မွေးလေလေ ဖြစ်ပါသည်၊

## ကျွန်တော်တို့နိုင်ငံအတွက်အတုယူစရာများ (Lessons Learned)

(၁) တရုတ်နိုင်ငံ တက္ကသိုလ်များနှင့် နိုင်ငံတော်တော်များများရှိ တက္ကသိုလ်များ တွင် မြို့တော်များ တွင်သာမက တိုင်းရင်းသားများရှိရာ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးနေသော ဘက်စုံသင်တက္ကသိုလ်များ (Comprehensive Universities) ရှိသလို ကျွန်တော်တို့နိုင်ငံ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနေထိုင်သောပြည်နယ်များတွင် ဘာသာရပ်ပေါင်းစုံ သင်ကြားပေးသင့်ပါသည်၊ တက္ကသိုလ် အသစ်ထပ်မံဆောက် လုပ်ရန် မလိုဘဲ ရှိပြီးသား တက္ကသိုလ်များထဲမှ အသင့်တော်ဆုံးသက်တမ်းရင့်တက္ကသိုလ် တစ်ကျောင်းကျောင်းတွင် ဆေးပညာ၊ သူနာပြုပညာကအစ စိုက်ပျိုးရေးပညာအဆုံး သင်ကြားပေးသင့်ပါသည်။ ကျွန်တော်တို့၏အခက်အခဲတစ်ခုမှာ၁၉၉၃-ခုနှစ်လောက်က စတင်လိုက်သော ဝန်ကြီးဌာနအသီးသီးက တက္ကသိုလ်များကို စီမံကွပ်ကဲနေကြသဖြင့် (Centralized Management System) ဖြစ်နေကာ ၁၉၆၂-ခုနှစ် မတိုင်ခင်က နာမည်ကြီး ရန်ကုန်တက္ကသိုလ် (Reputable and Flagship University) ဘဝသို့ ပြန်ရောက်အောင်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တက္ကသိုလ်များ (Autonomous Universities) ဘဝပြန်ရောက်အောင် (တစ်နည်းအားဖြင့် ဗဟိုလ်ချုပ်ကိုင်မှုလျော့နည်းသောစနစ် (Decentralization Systems) အပါအဝင် သင့်တော်သော မူဝါဒများ ချမှတ်သင့်ပါသည်။

(၂) တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းကျောင်း (Graduate Schools) သီးသန့်ရှိပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဘာသာရပ် အသီးသီး၏ သုတေသနများကို တက္ကသိုလ်များရှိ ဘွဲ့လွန်သင်တန်းကျောင်းများမှ သီးသန့်ပါမောက္ခများ (Specialized Professors)၊ သီးသန့် သုတေသနပညာရှင်များ (Specialized Research Scientists) ၏ကြီးကြပ်မှုအောက်တွင်ရှိသော မဟာဘွဲ့ (M.A./M.Sc.)၊ ပါရဂူဘွဲ့ (Ph.D.) ကျောင်းသား/ကျောင်းသူများ၏ သုတေသနများက ဦးဆောင်အဖြေရှာ ဖော်ထုတ်လျက်ရှိနေပါသည်။ မြန်မာနိုင်ငံတက္ကသိုလ်များမှလည်း ထိုတက္ကသိုလ်များကဲ့သို့ အတုယူရင်း အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

ကျွန်တော်၏ ဆောင်းပါးကလေးများက အမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အထောက်အကူ ဖြစ်စေပါက ကြည်နူးပီတိဖြစ်ရပါသည်။ အနာဂတ်လူငယ် စိုက်ပျိုးမွေးမြူရေးပညာရှင်များ၏ တီထွင်ဆန်းသစ်မှု အတွေးအခေါ် (Creative and Innovative Ideas) ဖြင့် ကမ္ဘာ့အလယ်တွင် အမိနိုင်ငံတော် ဂုဏ်သတင်း ဆောင်နိုင်ရန် ဆောင်ရွက်နိုင်ကြပါစေဟူ၍ ဆုတောင်း မေတ္တာပို့သလိုက်ရပါ သည်။

ဒေါက်တာမျိုးကြွယ်

(ဆက်လက်ဖော်ပြပါမည်)

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊
ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်တို့ကို လိုက်နာကျင့်သုံးပါ။




၁၀-၁၂-၂၀၂၄ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်

ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၁၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၂၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ဧယာဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၉၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၇၈၀၀၀ ကျပ်နှုန်း ဖြင့်လည်းကောင်း၊ ဧည့်မထဆန် ၂၅ ရာခိုင်နှုန်းအကြမ်း အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၇၂၀၀၀ ကျပ်နှင့် အောက်စတစ်တင်းခွဲ တစ်အိတ်လျှင် ၇၁၀၀၀ကျပ်နှုန်းဖြင့် လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ဆန်ဟောင်းလက်ကျန် နည်းလာချိန်ဖြစ်သော်လည်း ဆန်သစ်များလည်း ဝင်ရောက်မှုရှိခြင်း၊ ပြည်တွင်း ဆန်စပါးဖူလုံရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့နိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ကုန်ဈေးနှုန်းတည်ငြိမ်မှု မှန်ကန်စေရေး၊ ဆန်စပါးသိုလှောင်မှုအခြေအနေကို စနစ်တကျစာရင်းပြုစု မှတ်တမ်းတင်ထားနိုင်ရေး၊ အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ-၅ အရ ထိရောက်သော အရေးယူမှုများပြုလုပ်နေသောကြောင့် ဆန်စက်များ၊ ဆန်အရောင်းဆိုင်များ၊ ကုန်သည်များနှင့် ဆန်လုပ်ငန်းရှင်များမှ အလေးအနက်ထား၍ လိုက်နာဆောင်ရွက်ရန်လည်း ထုတ်ပြန်ထားခြင်းကြောင့်လည်းကောင်း၊ ဈေးကွက်သို့ ကုန်အဝင် ပုံမှန်ရှိခြင်းနှင့် ပြည်တွင်း/ပြည်ပမှ ဝယ်လိုအား ပုံမှန်ရှိခြင်းတို့ကြောင့်လည်းကောင်း ဆန်ဈေးနှုန်းများ ယခင်လများနည်းတူ ဈေးနှုန်းအမြင့်တွင် တည်ငြိမ်နေခဲ့သည်။ မြန်မာနိုင်ငံမှ အင်ဒိုနီးရှား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ မိုဇမ်ဘစ်စသော နိုင်ငံ များသို့ ဆန်တင်ပို့လျက်ရှိကြောင်းသိရသည်။ ပြင်ပလက်လီဈေးကွက်တွင်လည်း အရည်အသွေး ပိုမိုကောင်းမွန်သော ဆန်များအား သတ်မှတ်ဈေးနှုန်းများထက် ပိုမိုသော ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေဒရဲ၊ ကော့မှူး၊ တွံ့တေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှုပုံမှန်ရှိခဲ့ပြီး စားသုံးသူများမှ ပုံမှန်ဝယ်ယူမှုရှိခဲ့ကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများရှိခဲ့ခြင်း၊ သွင်းအားစု စရိတ်များ ဈေးမြင့်ခဲ့ခြင်း ကြောင့် စိုက်ပျိုးထုတ်လုပ်မှုစရိတ်များ မြင့်ကာ ပြောင်းဈေးမြင့်နေခြင်း၊ ပြည်ပနိုင်ငံများမှ ဝယ်လိုအားကောင်းကာ ပြည်တွင်းမှ ရောင်းလိုအားနည်းနေခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ယခင်အပတ်ထက် သိသာစွာ ဈေးမြင့်လာခဲ့သည်။ အစေ့ ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၈၆၉၄၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၉၀၁၈၀ ကျပ်ဖြစ်သည်။ လတ်တလောတွင် အစေ့ထုတ်ပြောင်း များအား ပယ်လယ်ရေကြောင်း မှတင်ပို့မှုရှိပြီး အိန္ဒိယနိုင်ငံသည် အကောက်ခွန်လွတ်ဖြင့် အများအပြားဝယ်ယူမှုရှိခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံများသို့လည်း တင်ပို့မှုရှိကြောင်း သိရသည်။

## ပဲမျိုးစုံ

အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် မိုးစိုက်ပဲအသစ်များ ထွက်ပေါ်ချိန်ဖြစ်၍ ပြည်ပမှ ပဲများအား ဝယ်လိုအားနည်းကာ ဈေးအေးလျက်ရှိသည်။ ထို့ကြောင့် မြန်မာ မတ်ပဲ (သဘော်တင်)နှင့် ပဲစင်းငုံ(သဘော်တင်) ဈေးနှုန်းများမှာလည်း ယခင်အပတ်ထက် ဆက်လက် ဈေးနိမ့်ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့သော်လည်း မတ်ပဲ (သဘော်တင်)မှာ ကုန်သေတ္တာ ၄၀ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲစင်းငုံ(သဘော်တင်)မှာ ကုန်သေတ္တာ ၅ လုံးခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်ရက်သတ္တပတ်က မတ်ပဲ (သဘော်တင်) တစ်တန်လျှင် ၃၅၀၀၀၀၀ ကျပ်နှင့် ပဲစင်းငုံ(သဘော်တင်) တစ်တန်လျှင် ၃၇၀၀၀၀၀ကျပ်နှုန်းတို့ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုရက်သတ္တပတ်တွင် မတ်ပဲ(သဘော်တင်) တစ်တန်လျှင် ၃၄၇၆၀၀၀ ကျပ်နှုန်းနှင့် ပဲစင်းငုံ(သဘော်တင်)တစ်တန်လျှင် ၃၅၈၇၀၀၀ ကျပ်နှုန်းသို့ အသီးသီးရောက်ရှိဈေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဘိုကိတ်ပဲမှာ ပဲဟောင်းလက်ကျန်များ အရည်အသွေးနိမ့်လာခြင်းနှင့် ဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးနိမ့်ခဲ့ သည်။ ဘိုကိတ် ၃တင်း / ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၃၃၀၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၉၄၉၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ပဲပုပ်ပဲနှင့် ထောပတ်ပဲမှာ ရောင်းလိုအား၊ ဝယ်လိုအားမျှနေခြင်းကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ် အရောင်းအဝယ်အေးခဲ့သည်။ ပဲပုပ်ပဲ ၃တင်း / ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၄၃၅၀၀၀ ကျပ်ဖြစ်ပြီး ထောပတ်ပဲ ၃တင်း / ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၃၆၈၄၀၀ ကျပ်ဖြစ်သည်။ ပဲလွမ်းဖြူမှာ စိုက်ပျိုးထုတ်လုပ်မှုနည်းသော ပဲအမျိုးအစားဖြစ်ခြင်း၊ ပြည်တွင်း သုံးစွဲရန် ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ပဲလွမ်းဖြူ ၃တင်း / ၆၀ ပိဿာလျှင် ယခင်ပျမ်းမျှဈေးနှုန်းမှာ ၂၈၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၈၇၄၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ကုလားပဲမှာ ပဲဟောင်းလက်ကျန်နည်းလာချိန်ဖြစ်ခြင်း၊ စားသုံး သူများမှ ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ကုလားပဲလုံး တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၄၉၈၀ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၅၀၆၅ ကျပ်ဖြစ်သည်။ ကုလားပဲခြမ်း တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၆၈၂၅ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၆၉၇၅ ကျပ်ဖြစ်သည်။ ပဲတီစိမ်းဝါမှာ မိုးစိုက်ပဲများလက်ကျန် နည်းလာချိန်ဖြစ်ခြင်း၊ တရုတ်ဝယ်လက်များမှ ဝယ်ယူမှုများခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ ပဲတီစိမ်းဝါ ၃တင်း / ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၃၂၆၁၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၂၈၉၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။

## စားသုံးဆီ

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၂၅၅ ကျပ်ဖြစ်ပြီး ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဆီတစ်ပိဿာလျှင် ၉၀ ကျပ် ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာ မကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် စားအုန်းဆီ တစ်ပိဿာ၏ ပြင်ပပေါက်ဈေးမှာ ၁၃၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

အေးသန္တာဝင်း

စာ-၁၃ မှ

၃၀၀၀၀၀၀ကျပ်မှ ၅၀၀၀၀၀၀ကျပ်ဖြင့် အောင်လံ၊ မုံရွာစသော အမှာရှိသော မြို့များသို့ တင်ပို့သည်။

### ဂျုံနှင့် အစေ့ထုတ်ပြောင်း

ဂျုံအသစ် မဝင်သေးခြင်း၊ လက်ကျန်နည်း ပစ္စည်းရှားခြင်းကြောင့် ငါန်ဖွန်၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊ ဘုတလင်၊ မုံရွာ ဂျုံများ အရည်အသွေးပေါ်မူတည်၍ ၂၁၀၀၀၀ကျပ်မှ ၂၂၀၀၀၀ကျပ်၊ ရှမ်းဂျုံ ၁၉၅၀၀၀ကျပ်၊ အထွက်တိုးဂျုံ ၁၉၅၀၀၀ကျပ်၊ ပန်းဆိုင်ကြူကုတ်ဂျုံ ၁၈၀၀၀၀ကျပ်၊ ဩစတေးလျ ဂျုံမှုန့် ၁ပိဿာ ၃၇၀၀ကျပ်ဖြင့် ဂျုံစက်များ လုပ်ငန်းသမားများ ဝယ်ယူမှု ပုံမှန်ရှိနေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် မိုးပြောင်းမှာ ထွက်ရှိရာဒေသသို့ တိုက်ရိုက်ဆင်း ဝယ်ယူမှုရှိခြင်းကြောင့် ဈေးကွက်အတွင်း အဝင်နည်းခြင်း၊ ဆောင်းပြောင်းမဝင်သေးခြင်း၊ အစာစပ် သမားဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ယခင်ပတ် ၃တင်း တစ်အိတ် ၈၄၀၀၀ ကျပ်မှ ၈၉၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ခင်မေကြည်




မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၀-၁၂-၂၀၂၄ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်

ရန်ကုန်ပေါ်ဆန်းမှာ အသစ်ဝင်ချိန်နီး၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ မြို့တွင်းသုံးဝယ်ယူမှုသာရှိခြင်း၊ နယ်ဝေးတင်ပို့ရမှုနည်းခြင်းတို့ကြောင့် တစ်အိတ် ၁၃၅၀၀၀ကျပ်မှ ၁၃၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး ရွှေဘိုပေါ်ဆန်းမှာ အသစ်မဝင်သေးခြင်း၊ လက်ကျန်နည်းခြင်းကြောင့် မြို့တွင်းစားသုံးရန် ဝယ်ယူမှုနည်းသော်လည်း တစ်အိတ် ၁၅၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မနောသုခဆန်မှာ အသစ်ဝင်ချိန်နီးသော်လည်း လူလတ်တန်းစား အများသုံးဆန်ဖြစ်ခြင်းကြောင့် တစ်အိတ် ၈၅၀၀၀ ဖြင့် ဈေးတည်ငြိမ်နေသည်။ ဧယာနှင့် ငစိန်မှာ ရန်ကုန်ဈေးကွက်မှ တစ်ဆင့်ဝင်ရောက်သော ဆန်ဖြစ်ခြင်း၊ ငစိန်ဆန်မှာ လုပ်ငန်းသုံးဝယ်ယူမှုနည်းခြင်းကြောင့် တစ်အိတ် ၇၈၀၀၀ကျပ်မှ ၇၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး ဧယာဆန်မှာ ပြည်ပပို့ရန် အဝယ်ရှိခြင်း ကြောင့် ယခင်အပတ် ၈၀၀၀၀ကျပ်မှ ၈၈၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ရောမင်းဆန်မှာ အသစ်ဝင်ချိန်နီးခြင်း၊ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ မြို့တွင်းစားသုံးရန် ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၄၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဆီထွက်သီးနှံ

မြေပဲ (လုံးဆန်)မှာ မိုးမြေပဲ အဝင်နည်းသွားခြင်း၊ ဆောင်းမြေပဲ စိုက်ပျိုးထားဆဲဖြစ်ခြင်း၊ အထွက်နည်း အဝင်နည်းခဲ့ခြင်းကြောင့် မြေပဲ(လုံးဆန်) ၁၀၀ပိဿာ အရည်အသွေးအကောင်းဆုံး ၈၆၀၀၀၀ ကျပ်မှ ၈၈၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး မြေပဲ (ဆီဆန်)မှာလည်း ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၈၃၀၀၀၀ကျပ်မှ ၈၅၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

နှမ်းဖြူမှာ လုပ်ငန်းသမားနှင့် တရုတ်ဝယ်လက်အနည်းငယ်ရှိသော်လည်း ဆောင်းနှမ်းစတင်ဝင်ချိန်ဖြစ်ခြင်းကြောင့် နှမ်းဖြူ၄၅ပိဿာ အရည်အသွေးအကောင်းဆုံး ၃၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းညိုမှာလည်း ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်း၊ အသစ်အဝင် နည်းသေးခြင်းကြောင့် ၄၅ပိဿာ ၃၁၅၀၀၀ကျပ်မှ ၃၂၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းနက် (စမုံ)မှာ အသစ်အဝင်နည်းသေးခြင်း၊ တရုတ်ဝယ်လက်နှင့် နယ်ဝေးအဝယ်ရှိခြင်းကြောင့် ၄၅ပိဿာ ၆၄၀၀၀၀ကျပ်မှ ၆၇၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းနီ ၃၂၀၀၀၀ကျပ်၊ နှမ်းဝါ ၃၄၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်မှု အနည်းငယ်ရှိသည်။

ပန်းနှမ်းနှင့် နေကြာမှာလည်း ပန်းနှမ်းမှာ အသစ်မဝင်သေးခြင်း၊ ပစ္စည်းရှားခြင်း၊ ဆီစက် သမားအဝယ်ရှိခြင်းကြောင့် ၄၅ပိဿာ ၂၃၅၀၀၀ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။ နေကြာဈေးနှုန်း အနေဖြင့် မိုးနေကြာ အဝင်နည်းခြင်း၊ ဆောင်းနေကြာမဝင်သေးခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း ဆီစက်သမားအဝယ်ရှိခြင်းကြောင့် ယခင်အပတ် ၂၀၀၀၀၀ ကျပ်မှ ၂၃၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ဆီဈေးနှုန်းအနေဖြင့် မြေပဲ (ဆီဆန်) ဈေးမြင့်သွားသဖြင့် ပဲဆီ ၁၅၅၀၀ကျပ်သို့ ဈေးမသိမသာ မြင့်သွားပြီး နှမ်းဆီ ၁၄၅၀၀ကျပ်၊ ပဲပုတ်ဆီ ၁၂၀၀၀ကျပ်၊ ပန်းနှမ်းဆီ ၁၄၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက် (ရှည်)မှာ အထွက်နည်း အဝင်နည်းသဖြင့် ထွက်ရှိရာဒေသ အရည်အသွေးပေါ်မူတည်၍ အနိမ့်ဆုံး၁၆၀၀၀ကျပ်မှ ၁၈၀၀၀ကျပ် ဈေးဖြင့် ရောင်းဝယ် နေပြီး ငရုတ်ခြောက်(လတ်) မှာလည်း အရည်အသွေးပေါ်မူတည်၍ ၉၀၀၀ကျပ်မှ ၁၅၀၀၀ကျပ်ထိ ဈေးမြင့်သွားပြီး ငရုတ်ခြောက်(ပွ)မှာ သဘာဝသီး တစ်ပိဿာ ၂၀၀၀၀ကျပ်မှ Air.con ဖြင့်ထားသော အသီး တစ်ပိဿာ ၃၀၀၀၀ကျပ်ထိ ဈေးမြင့်နေသည်။

ကြက်သွန်နီ နယ်စုံ အသစ်နှင့် အဟောင်းနှစ်မျိုးလုံး တွေ့ရပြီး အဝင်များလာခြင်းကြောင့် အဟောင်း(ကြီး) တစ်ပိဿာ ၄၀၀၀ကျပ်မှ ၃၅၀၀ ကျပ် (လတ်) တစ်ပိဿာ ၃၅၀၀ကျပ်မှ ၃၃၀၀ကျပ်၊ သေးတစ်ပိဿာ ၃၀၀၀ ကျပ်မှ ၂၅၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ မြင်းခြံ၊ နွားထိုး၊ မြစ်သား နယ်စုံ အသစ်(ကြီး) တစ်ပိဿာ ၃၇၀၀ကျပ်၊ လတ် တစ်ပိဿာ ၃၀၀၀ကျပ်၊ သေး တစ်ပိဿာ ၂၅၀၀ကျပ်ဖြင့် မြို့တွင်းသုံး ဝယ်ယူမှုသာရှိပြီး နယ်ဝေးတင်ပို့ရမှု နည်းနေသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ လမ်းပမ်းဆက်သွယ်ရေးကြောင့် အဝင်နည်းသော်လည်း လက်ကျန်အရည်အသွေးညံ့ခြင်းကြောင့် တစ်ပိဿာ ၂၅၀၀၀ ကျပ် မှ ၂၃၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး (ရှမ်းဖြူ)မှာလည်း အဝင်များပြီး ကြက်သွန်ဖြူ(တရုတ်) ဈေးနိမ့်သဖြင့် တစ်ပိဿာ ၁၀၀၀၀ ကျပ်မှ ၁၄၀၀၀ ကျပ်ထိ အရည်အသွေးပေါ်မူတည်ရောင်းချသည်။

တရုတ်အာလူး အဝင်မရှိဘဲ အောင်ပန်းအာလူးများသာ ဝင်ရောက်မှုရှိပြီး အိုကေ တစ်ပိဿာ ၇၀၀၀ကျပ်၊ အေဝမ်းတစ်ပိဿာ ၆၅၀၀ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။

## ပဲမျိုးစုံ

မတ်ပဲ စစ်ကိုင်းဘက်မှ အသစ်ဝင်ရောက်မှုရှိသဖြင့် အသစ်၃တင်း တစ်အိတ် ၂၇၅၀၀၀ကျပ်၊ အဟောင်းမှာလည်း ပဲခွဲစက်နှင့် နယ်ဝေးပို့ရန် ဝယ်ယူမှုရှိသဖြင့် ၃၂၀၀၀၀ကျပ်မှ ၃၃၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲတီစိမ်း(အညာ)မှာ မိုးပဲအဝင်နည်းသွားခြင်း၊ ဆောင်းပဲဝင်ချိန်နီးသော်လည်း အဝင်နည်းသေးခြင်း၊ ပဲခွဲစက်နှင့် နယ်ဝေးပို့ရန် ဝယ်လက်ရှိခြင်းတို့ကြောင့် ထွက်ရှိရာ ဒေသအလိုက် ၃တင်းတစ်အိတ် ၂၇၀၀၀၀ ကျပ်မှ ၃၀၀၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။

ပဲပုတ်(ရှမ်း/မြန်မာ)တို့မှာ မိုးပဲအဝင်နည်းခြင်း၊ ဆောင်းပဲမဝင်သေးခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲပုတ်(မြန်မာ) တစ်အိတ် ၄၈၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲပုတ် (ရှမ်း)မှာလည်း ပစ္စည်းရှားခြင်းကြောင့် ဆီစက်သမားအဝယ်နည်းသော်လည်း တစ်အိတ် ၃၉၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲ(လုံးဖြူကြီး/ လုံးဝါကြီး)တို့မှာ အသစ်မဝင်သေးခြင်း၊ လက်ကျန်နည်းခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၂၉၃၀၀၀ကျပ်မှ ၃၀၃၀၀၀ကျပ်သို့ ဈေးမြင့်သွား သည်။ ကုလားပဲ (လုံးဝါကြီး)မှာလည်း ပဲခွဲစက်များ အဝယ်ပုံမှန်ရှိခြင်းကြောင့် ၂၈၂၀၀၀ကျပ်မှ ၂၈၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ခွဲခြမ်းမှာမူ ပဲစိုနှင့် ဟင်းသီး/ရွက်ပေါ်ချိန်ဖြစ်၍ အရောင်းအဝယ် အေးခြင်းကြောင့် တစ်ပိဿာ ၇၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။

ပဲယင်း၊ မြေထောက်ပဲ၊ စားတော်ပဲ (ကျွန်း)တို့မှာ အသစ်မဝင်သေးသော်လည်း လုပ်ငန်းသမား၊ လက်လီသမားအဝယ်နည်းခြင်းကြောင့် ပစ္စည်းရှားသော်လဲ ပဲယင်းကြီး ၃တင်းတစ်အိတ် ၂၅၀၀၀၀ ကျပ်၊ မြေထောက်ပဲ တစ်အိတ် ၃၅၀၀၀၀ကျပ်၊ စားတော်ပဲ(ကျွန်း) ၄၇၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

အဝင်ပုံမှန်၊ လုပ်ငန်းသမား၊ လက်လီသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲကြီး (ကြီး) ၃တင်းတစ်အိတ် ၃၀၀၀၀၀ကျပ်၊ ပဲကြီး (သေး) ၂၅၀၀၀၀ ကျပ် ထော ပတ်ပဲ(ကြီး) ၃၉၀၀၀၀ကျပ်၊ ထောပတ်ပဲ (သေး) ၃၀၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

ခရမ်းချဉ်(ရှမ်းတောင်)မှာ ၂၀ပိဿာ တစ်သေတ္တာ ၈၀၀၀၀မှ ၁၀၀၀၀၀ ကျပ်ဈေးရှိပြီး ခရမ်းချဉ်(ဗမာ) မှာ တစ်ပိဿာ ၅၀၀၀ကျပ်မှ ၆၀၀၀ကျပ်ဈေးဖြင့် မြို့တွင်း စားသုံးမှုသာရှိသည်။ ငရုတ်စို(ရှည်)ဈေးနှုန်းမှာ သာစည်ဘက်မှ ရာသီကုန်ပြီး မုံရွာ၊ ချောင်းဦးမှ စတင် ဝင်ရောက်လာခြင်းကြောင့် တစ်ပိဿာ ၄၅၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားပြီး ငရုတ်စို (လတ်)မှာ မုံရွာ ချောင်းဦး၊ ငါန်းဇွန်မှ စတင်ဝင်ရောက်မှုသာရှိသဖြင့် တစ်ပိဿာ ၁၀၀၀၀ ကျပ်ဖြင့် ငါးပိထောင်း၊ လက်ဖက်၊ ဗေဒါရွှေကြာ လက္ကက်နှင့် ပြင်ဦးလွင်မှ ဝယ်ယူမှုများသည်။ ဆောင်းဝင်စဖြစ်၍ ဘိုစားပဲ တစ်ပိဿာ ၃၅၀၀ ကျပ်၊ မုံလာဥ ၅ခုတွဲ ၄၀တွဲပါတစ်အိတ် ၁၅၀၀၀ကျပ်၊ ပန်းမုံလာတစ်ပွင့် ၁၀၀၀မှ ၁၅၀၀ကျပ်၊ ကျောက်ဆည်မှ ခရမ်းသီး (လုံးကြီး) တစ်ပိဿာ ၁၂၀၀ ကျပ်၊ တံတားဦးနှင့် မန္တလေးဝန်းကျင်မှ ၁၁၀ ပါအိတ်များဖြင့် ပြောင့်ဖူးတစ်အိတ် ၉၀၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။

ဆောင်းဦးပေါက်ဖြစ်၍ ဖရဲသီး/ သခွားမွှေး အထွက်နည်း၊ အဝင်နည်းသွားပြီး သဘောသီး တစ်လုံး ၃၀၀၀ကျပ်၊ စပျစ်သီး (တရုတ်) ၄ပိဿာ တစ်ခြင်း ၆၅၀၀၀ကျပ်၊ ထောပတ်သီး ၁၂၀လုံးပါ တစ်အိတ် ၃၅၀၀၀ကျပ်၊ ပျားလိမ္မော် ၁၁ပိဿာတစ်ခြင်း ၁၃၀၀၀၀ကျပ်၊ လိမ္မော်သီး ၁၀၀ပိဿာ

စာ-၁၂ သို့

# သဘာဝကပေးအစာနှင့်ဆေး




ရှထုံပင်ကို ရှထုံဖိုပင်ဟု ခေါ်သကဲ့သို့ အရပ်ထဲတွင် လျှာထုံပင်၊ လျှာထုံဖို၊ ရိုးရိုးဘိုစပ်ပင်ဟုလည်း လူသိများခေါ်ဆိုကြ၏။ ယင်း၏အင်္ဂလိပ်အမည်မှာ toothache plant ဟု လူသိများပြီး electric daisy, eyeball plant နှင့် paracress ဟု ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Acmella paniculata Wall. ex DC. ဟု ခေါ်ဆိုသကဲ့သို့ Spilanthes paniculata Wall. ex DC. ဟုလည်း ခေါ်ဆိုကြပြီး ဒေစီပန်းမျိုးရင်း Asteraceae တွင်ပါဝင်၏။ ရှထုံပင်၏အပွင့်ကို ဝါးစားလိုက်လျှင် လျှာတွင်ထုံသွားသည့်ခံစားမှုမျိုးကို ပေးစွမ်းသည့်အတွက် ရှထုံပင်ဟု လူသိများပြီး ယင်းကို သွားကိုက်ဝေဒနာနှင့် သွားဖုံးရောဂါများအတွက် အသုံးပြုကြခြင်းကြောင့် သွားကိုက် ပျောက်ဆေးပင်ဟုလည်း တင်စားခေါ်ဝေါ်ကြ၏။ ရှထုံပင်သည် အမေရိကတိုက်မှ စတင်ဖြစ်ထွန်းခဲ့ပြီး ယင်းမှတစ်ဆင့် သမမွေးပိုင်းနှင့် ပူမွေးသော ရာသီဥတုရှိသည့်ဒေသများဖြစ်သည့် အာရှနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် ပစိဖိတ်ကျွန်းစုရှိ နိုင်ငံများ၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် ဩစတြေးလျနိုင်ငံတို့သို့ ပြန့်နှံ့ပေါက်ရောက်၏။ မြန်မာနိုင်ငံတစ်နံတစ်လျားတွင်လည်း ရှထုံပင်သည် လယ်ကန်သင်းရိုးတစ်လျှောက်တွင်လည်းကောင်း၊စပါးစိုက်ခင်းများတွင်လည်းကောင်း၊ အိမ်ခြံဝင်းများ၊ ရေစပ်စပ်ရှိပြီး အစိုဓာတ်များသည့် နေရာများတွင် အလေ့ကျပေါက်ရောက်တတ်သည့် အပင်မျိုးဖြစ် ၏။

ရှထုံပင်သည် တစ်နှစ်ခံပင်ပျော့မျိုးဖြစ်ပြီး အခက်အလက်များဝေဖြာသည့်အပင်မျိုးဖြစ်ပြီး အပင်အလျား ၁၀ မှ ၂၀ စင်တီမီတာအထိရှည်လျားပြီး ထောင်မတ်စွာပေါက်ရောက်တတ်၏။ အရွက်များမှာ မျက်နှာချင်းဆိုင်ထွက်ပြီးအရွက်ဖျားတွင် အသွားများပါရှိပြီး အရွက်မျက်နှာပြင်တွင် အမွေးနုလေးများပါရှိကာ အနည်းငယ်ကြမ်း၏။ ရှထုံပင်ပင်စည်အကိုင်းအခက်များ၏ထိပ်ပိုင်းတွင် အဝါရောင်သို့မဟုတ် လိမ္မော်ရောင်ရှိပြီး အလယ်တွင် နီညိုရောင်လုံးဝိုင်းသော ပန်းဦးခေါင်းလေးရှိသော ပန်းပွင့်လေးများပွင့်ကြ၏။ ယင်းကို ပန်းပွင့်ဟု ခေါ်ဆိုကြသော်လည်း တကယ်တမ်းတွင်မူ သေးငယ်သော ပန်းပွင့်လေးများအစုလိုက်ပွင့်နေကြသည့် ပန်းခိုင်လေးဖြစ်၏။

ရှထုံပင်၏ လတ်ဆတ်သော အညွန့်ရွက်နုနှင့် ပန်းဖူး ၁၀၀ ဂရမ်တွင် ရေဓာတ် ၈၉ မှ ၉၃ ဂရမ်၊ ပရိုတင်း ၂ ဂရမ်၊ အဆီဓာတ် သုညဒသမ ၃ ဂရမ်၊ ကာဘိုဟိုက်ဒရိတ်၊ ကယ်လ်စီယမ် ၁၆၂ မီလီဂရမ်၊ ဖော့စ်ဖရပ်စ် ၄၁ မီလီဂရမ်၊ သံဓာတ် ၄ မီလီဂရမ်၊ ဗီတာမင်အေ၊ ဗီတာမင်ဘီ၊ ဗီတာမင်စီတို့ ကြွယ်ဝစွာပါဝင်၏။ ထို့အပြင် ကျန်းမာရေးအတွက် အကျိုးကျေးဇူးကောင်းများဖြစ်စေတတ်သည့် ဖလေဗာနွိုက်၊ အယ်လ်ကာလွိုက်၊ အယ်လ်ကာမိုက်၊ တန်နင်၊ တာပင်နွိုက်နှင့် ဖိနိုလစ်ကွန်ပေါင်းတို့လည်း ပါဝင်၏။

ရိုးရာတိုင်းရင်းဆေးပညာရပ်အရ ရှထုံပင်ကို သွားကိုက်ပျောက်ဆေး၊ သွားနှင့် ခံတွင်းကျန်းမာရေးကောင်းမွန်ဆေး၊ အသည်းရောင်အသားဝါပျောက်ဆေး၊ အဖျားရောဂါများကို တိုက်ဖျက်နိုင်သည့် ဆေးဝါးများအဖြစ် ဖော်စပ် အသုံးပြုကြ၏။ ရှထုံပင်ဟု ဆိုသည့်အတိုင်း အပင်၏ ပဉ္စငါးပါးစလုံးသည် ခါး၏။ စပ်ဖျဉ်းဖျဉ်း၊ ထုံခြင်း အာနိသင်များရှိ၏။ အပွင့်မှာ စူးရှသော ရနံ့ရှိပြီး အရသာမှာ ပူစပ်၏။

• ရှထုံပင်တွင် ဖလေဗာနွိုက်ပါဝင်ခြင်းကြောင့် ကိုယ်တွင်းရောင်ရမ်းနာကျင်ကိုက်ခဲခြင်းမှ သက်သာစေနိုင်စွမ်းရှိ၏။

•သွားကိုက်ခြင်း၊ သွားနာခြင်း၊ သွားဖုံးရောင်ပြီး နာကျင်ခြင်းဝေဒနာများအတွက် ရှထုံပင်၏ ပန်းပွင့်ကို ဝါးပြီး ငုံထားပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။ ရှထုံပင်၏ ပဉ္စငါးပါးကို ပေါင်းခံပြီး ရရှိသည့် အရည်ကို ငုံခြင်း၊ အာလုပ်ကျင်းခြင်း၊ လိမ်းကျံခြင်းတို့ပြုလုပ်ခြင်းဖြင့်လည်း ဝေဒနာကို သက်သာ စေနိုင်၏။

• လည်ချောင်းနာကျင်ခြင်းနှင့် သလိပ်ကပ်ခြင်းတို့အတွက်လည်း ရှထုံရွက်နှင့်ပန်းပွင့်ကို ဝါးပြီးငုံထားပေးခြင်းဖြင့် သက်သာစေနိုင်၏။

• ခေါင်းကိုက်ခြင်း၊ ဇက်လေးခြင်းဝေဒနာများအတွက်လည်း ရှထုံရွက်နှင့် ပန်းပွင့်များကို ကြိတ်ချေပြီး အရည်ကိုဝေဒနာခံစားရသည့်နေရာတွင် လိမ်းကျံပေးခြင်းဖြင့် သက်သာစေနိုင်စွမ်းရှိ၏။

• တံတွေးအထွက်နည်းသူများမှာ အစာမျိုချရန် အခက်အခဲရှိသည့်အတွက် ရှထုံအညွန့်အရွက်ပန်းပွင့်ကို စားသုံးပေးခြင်းဖြင့် လိုအပ်သည့် တံတွေးပမာဏကို ရရှိစေနိုင်သည့်အပြင် လည်ချောင်းတစ်လျောက် အေးမြစေနိုင်၏။

• ကိုယ်လက်ရောင်ရမ်းနာကျင်ခြင်းဝေဒနာများခံစားနေရသူများအတွက်လည်း ရှထုံရွက်ညွန့်နှင့် ပန်းပွင့်များကို ကြိတ်ချေပြီး လိမ်းကျံနိုင်သလိုပြုပြင်ချက်ပြုတ်စားသုံးနိုင်၏။

• ဘက်တီးရီးယားနှင့် မှိုကြောင့်ဖြစ်ပွားတတ်သည့် အရေပြားနီရဲရောင်ရမ်းခြင်း၊ ယားနာခြင်း အစရှိသည့် ဝေဒနာများအတွက် ရှထုံရွက်ကို ဆေးအဖြစ် အသုံးပြုနိုင်၏။

• ရှထုံရွက်ညွန့်နှင့် ပန်းပွင့်တို့တွင် ဆီးကိုရှင်စေနိုင်သည့် အာနိသင်ကောင်းရှိသည့်အတွက် ကိုယ်ခန္ဓာအတွင်းရှိ ပိုလျှံနေသော အရေများကို စွန့်ထုတ်ရာတွင် အထောက်အကူကောင်းဖြစ်စေနိုင်၏။

• မြွေ၊ ကင်းအစရှိသည့် အဆိပ်ရှိသတ္တဝါများ အကိုက်ခံရပါကလည်း ရှထုံအရွက်နှင့် အပွင့်တို့ကို အဆိပ်ဖြေဆေးအဖြစ်အသုံးပြုနိုင်၏။

• ဝမ်းဗိုက်အတွင်း သန်ကောင်၊ တုတ်ကောင်များရှိပါကလည်း ရှထုံရွက်ညွန့်အပွင့်တို့ကို နှစ်သက်သလိုပြုပြင်ချက်ပြုတ်စားသုံးပေးခြင်းဖြင့် သန်တုတ်ကင်းစင်စေနိုင်စွမ်းကို ရစေနိုင်၏။

• အမျိုးသားများတွင် ခံစားရတတ်လေ့ရှိသည့် ဆီးပူညောင်းကျ ဒူလာပါဒရက်ရောဂါ၊ ဆီးနှင့် ဆီးကြိတ်ရောင်ခြင်းဝေဒနာများအတွက်လည်း ရှထုံရွက်ညွန့်နှင့် ပန်းခိုင်တို့ကို ဆေးအဖြစ် မှီဝဲ စားသုံးပေးသင့်၏။



ရှထုံပင်၏ အရွက်အညွန့်အနုလေးများ၊ အဖူးနှင့် ပန်းခိုင်များကို ဟင်းသီးဟင်းရွက်အဖြစ် ချက်ပြုတ်ပြင်ဆင် စားသုံးလေ့ရှိကြ၏။ ယင်းတို့ကို ဈေးထဲတွင် (ဈေးအခေါ် ဘိုစပ်ရွက်) ဝယ်ယူရရှိနိုင်သကဲ့သို့ မိမိအိမ်ခြံဝင်းထဲ စိုက်ပျိုးထားလျှင် ချက်ပြုတ်လိုသည့်အခါ အလွယ်တကူ အချိန်မရွေးဆွတ်ခူးနိုင်၏။ နေရာမရွေး အလေ့ကျပေါက်ရောက်သည့် အပင်မျိုး ဖြစ်သည့်အတွက် ဒေသစုံ၊ နယ်ပယ်စုံမှ ချက်ပြုတ်နည်းစုံလင်စွာဖြင့် ရှထုံပင်ကို ပြင်ဆင်ချက်ပြုတ်စားသုံးတတ်ကြ၏။

- ရှထုံအရွက်အညွန့်အနုနှင့် ပန်းခိုင်လေးများကို အစိမ်းအတိုင်းဖြစ်စေ၊ ရေနွေးဖျောပြီးဖြစ်စေ ငါးပိရည်ကျို၊ ငါးပိထောင်း၊ ငါးပိသုပ်၊ ငံပြာရည်ချက်၊ ခရမ်းချဉ်သီးထောင်း၊ သရက်သီးထောင်း၊ ငရုတ်သီးထောင်း အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။

- ရေနွေးဖျောထားသည့် ရှထုံအညွန့်နှင့် ပန်းခိုင်များကို မထူမပါးလှီးပြီးနောက် ပါးပါးလှီးထားသော ကြက်သွန်နီ၊ ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့်အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ကြက်သွန်နီဆီချက်၊ သံပရာရည်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် ရှထုံညွန့်သုပ်လေး ရပါပြီ။



- ရှထုံရွက်ညွန့်များကို နှစ်သက်ရာရာသီပေါ်ဟင်းသီးဟင်းရွက်များဖြစ်သည့် မုန်လာပင်ပေါက် / ကန်စွန်းရွက်/ ဇရစ်ရိုး အစရှိသည့်နှင့် အတူတွဲစပ်ကာ ချဉ်ရည်ဟင်း သို့မဟုတ် ဟင်းလျော်အဖြစ် ချက်ပြုတ်စားသုံးနိုင်၏။

- ငါးသားလေးများကို အိုးကပ်ချက်ပြီး ရှထုံရွက်ညွန့်များများ အပေါ်မှအုပ်ပြီး ချက်လျှင် တစ်ဖက်တွင် မွှေးကြွပ်သော ငါးလေးအိုးကပ်ရနံ့နှင့်တစ်ဖက်တွင် ရှထုံညွန့်ရနံ့များနှင့် မွှေးကြိုင်ပြီး ထုံရှသည့်အရသာရှိသော ငါးလေးအိုးအပ်ဟင်းရ၏။

- ငါးခူ၊ ငါးရံ့အပါအဝင် ငါးဟင်းလျာများ ချက်ပြုတ်သည့်အခါ ရှထုံရွက်

စာ-၁၅ သို့

စာ-၅ မှ

ပါ။ စိုက်ပျိုးသင့်သည့် သက်တမ်းတိုရာသီသီးနှံ များမှာ နာနတ်၊ ဂျင်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲပုပ်၊ စပါး၊ ဂျုံ၊ ပြောင်း၊ ပဲလွမ်းနှင့် ဟင်းသီးဟင်းရွက် စသည်တို့ ဖြစ်ပါသည်။ အရိပ်ကျခြင်းကို ရှောင်ရှားနိုင်ရန်အတွက် အပင်အရပ်နိမ့်သော အပင်များအား အပင်အရပ်မြင့်သည့် အပင်များနှင့် ဝေးရာတွင် စိုက်ပျိုးပါ။

### အဆင့် (၇) ရာသီသီးနှံများစိုက်ပျိုးခြင်း

နှစ်ရှည်သီးနှံများမှ ဝင်ငွေမရရှိမီ သက်တမ်းတို နှစ်ချင်းသီးနှံနှင့် နှစ်တိုသီးနှံများ ရွေးချယ်စိုက်ပါ။
ဂျင်း၊ ထောပတ်ပဲ၊ စားတော်ပဲ၊ ပဲပုတ်၊ ပဲလွမ်း၊ ဟင်းသီးဟင်းရွက်၊ ဂျုံ၊စပါး၊ပြောင်း



### အဆင့် (၈) စည်းရိုးကန့်ပင်များအား ကိုင်းဖြတ်ပေးခြင်း

မြေပြင်မှ စည်းရိုးကန့်ပင်မှ (၃-၄)ပေခန့်မြင့်လာလျှင် တစ်လ (၁) ကြိမ် ကိုင်းဖြတ်ပေးပြီး အရွက် များနှင့် ကိုင်းများကို သီးနှံပင်များ၏ အောက်ခြေတွင် ဖုံးအုပ်ပေးပါ။ ထိုသို့ဖုံးအုပ်ပေးခြင်း အားဖြင့် မြေတိုက်စားခြင်းကို ထိန်းသိမ်းပေးသည့်အပြင် နှစ်ရှည်သီးနှံပင်များနှင့် ရာသီသီးနှံပင်များ အတွက် သဘာဝမြေဩဇာရရှိစေနိုင်ပြီး ဓာတုမြေဩဇာများသုံးစွဲမှုအား လျော့ချပေးနိုင်ပါသည်။

### အဆင့် (၈) စည်းရိုးကန့်အပင်များအား ကိုင်းဖြတ်ခြင်း

စည်းရိုးကန့်အပင်များကို ၁ ပေခွဲ အမြင့်တွင် ပုံမှန်ခုတ်၍ အရွက် အခက်များကို သီးနှံစိုက်ကန့်ထဲ ထည့်ပါ။




### အဆင့် (၉) သီးနှံအလှည့်ကျ စိုက်ပျိုးခြင်း

ရာသီသီးနှံများကို အလှည့်ကျစိုက်ပျိုးပါ။ နှံစားသီးနှံ (ယာစပါး၊ ပြောင်း၊ နှံစားပြောင်း)၊ tuber သီးနှံ(ပီလောပီနံ၊ ကန်စွန်းဥ)၊ အခြား သီးနှံ(နာနတ်၊ မြေထောက်ပဲ)နှင့် ပဲမျိုးရင်းဝင် (ပဲတီစိမ်း၊ မြေပဲ၊ ပဲပုပ်) စသည့် သီးနှံအုပ်စုများကို အလှည့်ကျစိုက်ပျိုးပါ။ သီးနှံမျိုးစုံ အလှည့်ကျစိုက်ပျိုးခြင်းအားဖြင့် မြေဆီလွှာအာဟာရဓာတ်များကောင်းလာပြီး မြေဆီလွှာ အခြေအနေကို ကောင်းမွန်စေပါသည်။ ပိုးမွှားရောဂါကျရောက်မှုကို သက်သာစေပြီး သီးနှံအထွက်နှုန်း တိုးစေပါသည်။

### အဆင့် (၉) သီးလှည့်စိုက်ပျိုးပါ




### အဆင့် (၁၀) အမြဲစိမ်းလှေကားထစ်များဖြစ်အောင် ထိန်းသိမ်းခြင်း

အစားအစာဖူလုံစေပြီး အပိုဝင်ငွေရစေခြင်းထက် SALT စနစ်ကို ဆောင်ရွက်ခြင်း၏ ပို၍ အရေးပါသည့် အကျိုးကျေးဇူးမှာ (၂)တန်းထပ် နိုက်ထရိုဂျင်ဖမ်းယူပေးနိုင်သည့် စည်းရိုးကန့်ပင် များကို ကွန်တိုအလိုက်စိုက်ပျိုးခြင်းနှင့် လှေကားထစ်စိုက်ခင်းများ ဖြစ်ပေါ်လာခြင်းတို့ကြောင့် မြေဆီလွှာ တိုက်စားခြင်းကို ထိန်းသိမ်းနိုင်ခြင်းဖြစ်ပါသည်။ လှေကားထစ်စိုက်ခင်းများ ဖြစ်ပေါ် လာပြီးနောက် သီးနှံအကြွင်းအကျန်၊ ရိုးပြတ်များ၊ အရွက်များ၊ ကိုင်းများ၊ ကျောက်တုံးနှင့် ကျောက်ခဲများအား စည်းရိုးကန့်အပင်များ၏ အောက်ခြေတွင်ထားပေးပါ။ ထိုသို့ပုံမှန်လုပ်ဆောင် ပေးခြင်းအားဖြင့် အချိန် ကြာမြင့်လာသည့်အခါ တောင်စောင်းစိုက်ခင်းများ၏ အဖိုးတန်မြေများကို မြဲမြန်စွာ၊ သဘာဝ အတိုင်း အစိမ်းရောင်လှပသည့် လှေကားထစ်များကို တည်ဆောက်ပြီးသား ဖြစ်လာပါလိမ့်မည်။

### အဆင့် (၁၀) အပင်များကို ထိန်းသိမ်းခြင်း

စည်းရိုးကန့်ပင်များကိုထိန်းသိမ်းပါ။




အချုပ်အားဖြင့်ဆိုသော် တောင်စောင်းဒေသ လူဦးရေထူထပ်လာ၍ မြေယာအသုံးချမှု တိုးပွား လာခြင်း၊ မြေယာပျက်စီးပြုန်းတီးမှု၊ ရေရှည်စိုက်ပျိုးနည်းစနစ်များ အသုံးပြုမှုနည်းပါးခြင်း၊ ပြင်ပသွင်းအားစု များကို အားပေးမှုများပြားခြင်း၊ နည်းပညာဖြန့်ဝေနိုင်မှုအခက်အခဲတို့ကြောင့် တောင်ပေါ်ဒေသများတွင် မြေဆီလွှာပြုန်းတီးများ ကြုံတွေ့နေရပါသည်။ အဆိုပါ အခက်အခဲများကို ကျော်လွှားရန်နှင့် ရေရှည်တောင်ပေါ်မြေဆီလွှာထိန်းသိမ်းရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲ စိုက်နည်းစနစ်များနှင့် သဘာဝအရင်းအမြစ်များကို အခြေခံသည့်စိုက်ပျိုးနည်းစနစ်နှင့် ရေရှည်မြေယာအသုံးချမှုစနစ်များကို အသုံးပြုရန်လိုအပ်ပါကြောင်း ဖော်ပြအပ်ပါတယ်ရှင်။

**မြင့်မြင့်ထွန်း(မြေအသုံးချဌာနခွဲ)**

---

စာ-၁၄ မှ

ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် အုပ်ကာ ချက်တတ်ကြ၏။

- ငါးမီးအုံးဟင်းခါး၊ ပုစွန်ခေါင်းဟင်းခါးတို့တွင်လည်း ရှထုံရွက်ကို ခပ်ကာ ဟင်းချိုချက်သောက်နိုင်၏။
- ရှထုံရွက်ညွန့်များကို ချဉ်ဖတ်တည်ပြီးလည်းတို့စရာအဖြစ်လည်းကောင်း၊ အသုပ်အဖြစ်လည်းကောင်း ပြင်ဆင်စားသုံးနိုင်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ရှထုံပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

**ကြေးမုံငယ်**



---

စာ- ၂ (တီမွေးမြူခြင်း)မှ

လွန်နည်းပညာနှင့် အစားအစာသိပ္ပံ သုတေသန ဌာနခွဲ ၊ စပါးဇီဝဥယျာဉ် သုတေသနဌာနစုမှ သုတေသီများ ပညာရှင်များက တီမျိုးများနှင့်ကုန်ကြမ်းများ၊ တီကျစ်စာမြေဆွေးစီးပွားဖြစ် ထုတ်လုပ်နိုင်သော တီမျိုးများ တီကောင်မွေးမြူခြင်းနှင့် တီကျစ်စာ မြေဆွေးပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြရှင်းလင်းဆွေးနွေးခဲ့ကြပြီး တောင်သူများ၏ မေးမြန်းတင်ပြချက်များကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းခဲ့ကြကြောင်း သတင်းရရှိသည်။

**MOALI**

တောင်စောင်းဒေသများတွင် ရေရှည်မြေတိုက်စားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ရေမြေ အနေအထား ဒေသရာသီဥတုအခြေအနေ၊ သီးနှံကြိုက်နှစ်သက်မှု၊ဒေသစိုက်ပျိုးထွက်ရှိမှုနှင့် အကျိုးအမြတ်ရရှိမှုအခြေအနေအပေါ်မူတည်ပြီး လှေကားထစ်စိုက်ခင်းပုံစံမျိုးစုံ ပြုလုပ်လေ့ ရှိကြပါသည်။ လျှောစောင်းရာခိုင်နှုန်း ၂၀ နှင့်အထက်ရှိသော တောင်ပေါ်ဒေသများတွင် မြေဆီလွှာထိန်းသိမ်းရန် လှေကားထစ်များဖော်၍ စိုက်ပျိုးရန်လိုအပ်သော်လည်း မိုးရေရွာသွင်းမှုများပြီး အလွန်မတ်စောက်သောနေရာများတွင် လှေကားထစ်စိုက်ခင်းများ ပြုလုပ်လေ့မရှိကြောင်း တွေ့ရှိ ရပါသည်။ ထို့ပြင် သီးနှံအထွက်နှင့်အကျိုးအမြတ် ရရှိမှုနည်းပါးလာသဖြင့် ကုန်းမြင့်ဒေသရှိ တောင်သူများသည် ရေရှည်လှေကားထစ်ပြုပြင်ထိန်းသိမ်းမှု မရှိခြင်းနှင့် နှစ်စဉ်လှေကားထစ် စိုက်ခင်းအသစ်များ ဖော်ဆောင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

တောင်ပေါ်ဒေသတွင် စိုက်ပျိုးမည့်မြေအား မီးရှို့ခုတ်ထွင်ရှင်းလင်း၍ နှစ်အနည်းငယ် စိုက်ပျိုးပြီးနောက် ၁၀-၁၅ နှစ်ကျော်ခန့် မြေလှပ်ထားသည့်စနစ်ဖြစ်သည့် ရွှေ့ပြောင်းတောင်ယာစနစ် (swidden farming (or) Slash and burn agriculture(or) taungya system (or) jhum cultivation) ကိုလည်း ကျင့်သုံးကြပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်သည် ၁၉၉၁ ခုနှစ်ဝန်းကျင်တွင် ကမ္ဘာ့စိုက်ပျိုးမြေ၏ ၃၀ ရာခိုင်နှုန်းအား မြေဆီလွှာစီမံခန့်ခွဲခြင်းနည်းအဖြစ် အသုံးပြုခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း တောင်တန်းဒေသများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့် ရှမ်းပြည်နယ်တို့ရှိ ကုန်းမြင့်ဒေသတောင်သူများသည် ရွှေ့ပြောင်းတောင်ယာစနစ်အပေါ် မှီခိုခဲ့ကြပါသည်။ သို့သော် လက်ရှိကာလအပိုင်းအခြားတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးအတွက် ရွှေ့ပြောင်းတောင်ယာစနစ် လျှော့ချရေး လုပ်ငန်းစဉ်များအား ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင်တောင်ပေါ်ဒေသများတွင် အကျိုးအမြတ်ရမည့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနိုင်သည့်အဟန့်အတားများ (ဥပမာ- marginal land၊ လျှောစောင်းရာခိုင်နှုန်း အလွန်များသောနေရာများနှင့် သီးနှံစိုက်ပျိုးရန်မသင့်တော်သည့် ဂေဟစနစ်များ)စသည်တို့ကို ထိန်းညှိသည့်ပုံစံအဖြစ် စိုက်ပျိုးရေးနှင့် မွေးမြူရေး (Agropastoral farming)ကို တွဲဖက်သည့်စနစ်ကို လုပ်ကိုင်လေ့ ရှိပါသည်။

တောင်ပေါ်ကုန်းမြင့်ဒေသများတွင် သီးနှံများရွေးချယ်စိုက်ပျိုးရာတွင် လျှောစောင်းမတ်စောက်မှုရာခိုင်နှုန်းကိုလည်း ထည့်သွင်းစဉ်းသင့်ပါသည်။ တောင်စောင်းရာခိုင်နှုန်း (၀-၃ ရာနှုန်း) - လယ်စပါး၊ တောင်စောင်း (၃-၈ ရာနှုန်း)- ယာသီးနှံ၊ (၈-၁၅ ရာနှုန်း)- ယာသီးနှံနှင့် မြေဆီထိန်းပင်များ၊ တောင်စောင်း(၁၅-၃၀ ရာနှုန်း)နှစ်ရှည်ပင်များနှင့် တောင်စောင်း (၃၀-၃၅ ရာနှုန်း)-သစ်တော၊ သစ်ပင်များအား ရွေးချယ်စိုက်ပျိုးသင့်ပါသည်။SALT-1 စနစ်သည် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သည့် ဒေသများအတွက် အသင့်တော်ဆုံးစနစ် ဖြစ်ပါသည်။

### အဆင့် (၁) A- frame (အေဖရိန်) ပြုလုပ်ခြင်း

SALT-1 စနစ်ပြုလုပ်ရာတွင် စိုက်ပျိုးမည့်မြေတွင် ကွန်တိုလိုင်းများသတ်မှတ်ရန်အတွက် ကွန်တိုလိုင်းများ ရှာဖွေရပါမည်။ ကွန်တိုလိုင်းများရှာဖွေရာတွင် အရိုးရှင်းဆုံးနှင့် အလွယ်ကူဆုံးနည်းဖြင့် A-frame ရေချိန်ကို

အဆင့် (၁) A frame ပြုလုပ်ခြင်း




အသုံးပြု၍ ရှာဖွေရန်ဖြစ်ပါသည်။ အေဖရိန်ရေချိန်သည် အင်္ဂလိပ် အက္ခရာ အေနှင့်တူသည့် ရေချိန်ပါသည့် ကိရိယာတစ်ခုဖြစ်ပါသည်။ ပထမဦးဆုံး အေဖရိန် ရေချိန်ပြုလုပ်ရန်လိုအပ်ပါသည်။ အေဖရိန်ရေချိန်ပြုလုပ်ရန်အတွက် အချင်း ၁ လက်မခွဲခန့်ရှိ၍ အရှည် ၆ ပေခွဲခန့်ရှိသည့် သစ်သား (သို့) ဝါး ၂ ချောင်း၊ အချင်း ၁ လက်မခွဲခန့်ရှိ၍ အရှည် ၃ ပေ ကျော်ခန့်ရှိသည့် သစ်သား(သို့) ဝါး ၁ ချောင်း၊ ၄ ပေ အရှည်ရှိ လက်သမားချိန်သီးပါ ကြိုးတစ်ချောင်း(သို့) လက်သမားရေချိန် တစ်ခုလိုအပ်ပါသည်။ ၆ ပေခန့်ရှိသည့် သစ်သားနှစ်ချောင်းကို ထိပ်တွင်စုချည်ပြီး အောက်ပိုင်းတွင် ၃ ပေခွာ၍ တြိဂံပုံပြုလုပ်ပါ။ ထို့နောက် အေပုံသဏ္ဌာန် ဖြစ်စေရန် ၃ ပေခွဲသစ်သားချောင်းကို အလယ်ပိုင်းတွင် ကန့်လန့်ဖြတ်၍ တပ်ဆင်ပါ။ အေပုံသဏ္ဌာန်ခိုင်မာအောင် ပြုလုပ်ပြီးပါက လက်သမားရေချိန်ကို ကန့်လန့်ဖြတ်သစ်သားချောင်းပေါ်တွင် တပ်ဆင်ပါ။

### အဆင့် (၂) ကွန်တိုအမှတ်များ သတ်မှတ်ခြင်း

ကွန်တိုလိုင်းဆိုသည်မှာ ကုန်းမြင့်ဆင်ခြေလျှောများတွင် အမြင့်တူသည့် အမှတ်များကို ဆက်ထားသောလိုင်းဖြစ်ပါသည်။ မှန်ကန်တိကျရန်လိုအပ်ပြီး မှားယွင်းပါက မြေဆီလွှာတိုက်စားခြင်းကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။ ပထမဦးစွာ ကွန်တိုလိုင်းရှာဖွေရမည်ဖြစ်ပြီး ကွန်တို အမှတ်သားများ ပြုလုပ်ရန်နှင့် အေဖရိန်ရွှေ့ရာတွင် လွယ်ကူစေရန် ပေါင်းမြက်များ၊ ခြုံပင်များကို ရှင်းလင်းရမည်။ အေဖရိန်ရွှေ့ရန် လူ ၁ ဦးနှင့် တုတ်ချောင်းကို အသုံးပြု၍ ကွန်တိုအမှတ် အသားမှတ်ရန် လူ ၂ ဦး လိုအပ်ပါမည်။ ကွန်တိုလိုင်းများသတ်မှတ်ရာတွင်တောင်စောင်းစိုက်ခင်း၏အမြင့်ဆုံးနေရာမှ စတင်ဆောင်ရွက်ရပါမည်။ အေဖရိန်အားမြေပေါ်တွင် ငြိမ်အောင်ထားရပါမည်။ အေဖရိန်၏ နောက်ခြေထောက်ကိုမရွှေ့ဘဲ ရှေ့ခြေထောက်ကိုမရွှေ့ပြီး မြေပေါ်တွင်ထားလိုက်ပါက နောက်ခြေထောက်နှင့် Levelညီသွားမည် ဖြစ်ပါသည်။ အေဖရိန်လိုင်းသည် ရေပြင်ညီလိုင်းဖြစ်ပါသည်။ အေဖရိန် ခြေထောက်၂ ခုကြားအလယ်တန်းပေါ်ရှိ လက်သမားရေချိန်၏ လေဟာနယ်

စာ-၅ သို့

